# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၂၇ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၉၅)




ဒေသခံပြည်သူများ ဆက်သွယ်ပြောဆိုမှု လွယ်ကူစေရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ အော်တို အိတ်ချိန်းရုံးကို ဤသို့ တည်ဆောက်ပေးထားသည်။

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

# မြန်မာတစ်နိုင်ငံလုံး၌ ဝါဆိုဦးကာလ ကုသိုလ်ပုညသံများဖြင့်စည်ဝေ

## ဒါန၊ သီလ၊ ဘာဝနာပွားများ အားထုတ်ကြသူများ စည်ကားများပြား

**နေပြည်တော်  ဇူလိုင်  ၂၆**

ယနေ့သည် မြန်မာနှစ်သက္ကရာဇ် ၁၃၇၂ခုနှစ် ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ဖြစ်သည်။ ဝါဆိုလပြည့်နေ့ကို "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ နှုတ်မြွက်သံချို လဝါဆို"ဟု လည်းကောင်း၊ "သန္ဓေတောထွက် ဓမ္မစက် တစ်ချက်ပြာဋိဟာ၊ မိန့်မြွက်အဘိဓမ္မာ၊ သံဃာအစ နှယ်တာလ" ဟူ၍လည်းကောင်း ဗုဒ္ဓ၏ဖြစ်တော်စဉ်များ ဖြစ်ထွန်းခဲ့သောလအဖြစ် လင်္ကာဖွဲ့ မှတ်တမ်းပြုခဲ့ကြသည်။

**အခါတော်နေ့**

ဝါဆိုလပြည့်နေ့၏ ထူးခြားသော ဗုဒ္ဓဖြစ်တော်စဉ်၊ သာသနာတော်၏ ထူးခြားသော ဖြစ်တော်စဉ်များအနက် ဗုဒ္ဓလမ်းစဉ်တော် စတင်ပေါ်ထွန်းခဲ့သည့် ဓမ္မစကြာဒေသနာတော်ကို အထူးပြု၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဟု သတ်မှတ်ထားကြသည်။

ထို့ကြောင့် ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘုရား၊ စေတီ၊ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံတို့၌ ဓမ္မစကြာအခါတော်နေ့ပွဲများ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလျက်ရှိရာ ဝါဆိုဦးကာလ ကုသိုလ်ပုညသံများ စည်ဝေလျက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❒

# အင်အားပြည့် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်မှုဖြင့်

# နိုင်ငံတော်သစ်ကို ပုံဖော်တည်ဆောက်နေ

➢ သတင်းဆောင်းပါး - ဇော်ဝင်း (ကြေးမုံ)  ➢ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်းနှင့် သတင်းစဉ်  ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

**နေပြည်တော်  ဇူလိုင်  ၂၆**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်အခြေခံလိုအပ်ချက်များ ပြည့်စုံကောင်းမွန်ရန် လိုအပ်သကဲ့သို့ ယနေ့ကမ္ဘာကို မျက်ခြည်မပြတ်စေရန်အတွက် ပညာရေးနှင့် ယှဉ်တွဲပေါ်ပေါက်လာသော ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အစဉ်အမြဲ ထိတွေ့လေ့လာ ဆက်သွယ်နိုင်ရန် လိုအပ်ပေသည်။ ထို့ကြောင့်ပင် ယနေ့အချိန်အခါတွင် နိုင်ငံတော် ဖွံ့ဖြိုးမှုနှင့်အတူ ဒွန်တွဲဖြစ်တည်လာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကလည်း အံ့မခန်းဖွယ်ပင် လေ့လာတွေ့ရှိနိုင်ပါသည်။

ခေတ်စနစ်နှင့် နည်းပညာသစ်များ ပြောင်းလဲဖြစ်ထွန်းလာခဲ့ခြင်းက ဆက်သွယ်ရေးကဏ္ဍ၏ လုပ်ငန်းသဘာဝကို ပိုမိုသွက်လက်ထက်မြက်ကာ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေခဲ့သည်ကို သိသာထင်ရှားစွာ မြင့်တင်ပေးခဲ့သည်။ ၂၀ ရာစု အနှောင်းပိုင်းကာလနှင့် ၂၁ ရာစုအကူးတွင် သတင်းဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးမှုမှာ အဟုန်ပြင်းခဲ့သည်။ ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ပြောင်းလဲဖြစ်ပေါ်ခဲ့သော မြန်မာ့လူ့ဘောင်၏ လူနေမှုဟန် အပြောင်းအလဲတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ ပြောင်းလဲတိုးတက်မှုများမှာ အထူးပင် များမြောင်လှပေသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻




မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီပို့သည် မြန်မာ့ဆက်သွယ်ရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အဓိကစွမ်းဆောင်ပေးလျက်ရှိသည်။

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၂၇ ရက်)

## လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခေတ်မီနည်းပညာများ အသုံးချဖော်ဆောင်

နိုင်ငံတော်အစိုးရသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမြေဧကများတိုးချဲ့ခြင်း၊ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း၊ စိုက်ပျိုးရေ ရရှိရန်နှင့် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန် စီမံပေးခြင်း၊ အဓိက သီးနှံ(၁၀)မျိုး သတ်မှတ်ကာ အဘက်ဘက်က အားပေးကူညီခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် လယ်ယာကဏ္ဍတွင် အဓိကကျသော တောင်သူများနေထိုင်ရာကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်ကာ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ပညာရည် တိုးတက်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးနှင့် ကျေးလက်စီးပွားတိုးတက်ကောင်းမွန်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိသည်။

မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှုကို အားကိုးစိုက်ပျိုးရသည့် စိုက်ပျိုးမြေနှင့် သွင်းရေကိုအားကိုးရသည့် စိုက်ပျိုးမြေဟူ၍ရှိရာ ယခုအခါ စိုက်ပျိုးမြေများတွင် မိုးစပါးကိုသာမက တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစား လယ်ယာစနစ်သို့ ပြောင်းလဲစိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံသည် စပါးကိုအားထားစိုက်ပျိုးရသည့် နိုင်ငံဖြစ်ရာ လယ်ယာသီးနှံစိုက်ပျိုးရာတွင် စပါးသီးနှံစိုက်ပျိုးဧရိယာသည် အများဆုံး ဖြစ်သည်။ စပါးအထွက်နှုန်းမြင့်မားရေးကို ဦးတည်စိုက်ပျိုးပြီး အခြားသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ သီးနှံအထွက်ကောင်းမွန်ရေး၊ အရည်အသွေးပြည့်ဝသော သီးနှံဖြစ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍမြင့်မားလာသည့်အလျောက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လယ်ယာသုံးစက်ကိရိယာများကို နိုင်ငံတော်အစိုးရက တိုးမြှင့်ထုတ်လုပ်ပေးလျက်ရှိရာ တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏စီးပွားရေး ပိုမိုတိုးတက်ရေးနှင့် မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ခေတ်မီနည်းပညာများ အသုံးချ၍ ဖော်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း
## တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ရှိ တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် အိမ်ထောင်စုဝင် မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစား နေမှုကို ကြည့်ရှုအားပေးကြကာ ဆုရအသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြပြီး တိုင်းမှူးက ပထမဆုရအသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ မင်္ဂလာတောင်ညွန့်မြို့နယ် စည်းရုံးရေးကော်မတီ၏ ၂၀၀၉-၂၀၁၀ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၅ရက် မွန်းလွဲ ၁နာရီက မင်္ဂလာတောင်ညွန့် အထက(၁) ကျောင်းခန်းမဆောင်၌ ကျင်းပရာ သဘာပတိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

**ဆွေးနွေးတင်ပြ**

အခမ်းအနားသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ သြဝါဒအမှာစကားပြောကြားကာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင် ခဲ့ကြသော ငါးဘာသာဂုဏ်ထူးရ မတင့်ရွှန်းခင်၊ လေးဘာသာ ဂုဏ်ထူးရ မောင်ဗညားလွင်တို့အား ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်သည်။ သုံးဘာသာဂုဏ်ထူးရ မောင်ကျော်သီဟအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌက ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နှစ်ပတ်လည်အစီရင်ခံစာကို မြို့နယ်စည်းရုံးရေး ကော်မတီအမှုဆောင် အဖွဲ့ဝင် ဗိုလ်မှူးတင်မောင်အေး(ငြိမ်း)နှင့် ဗိုလ်မှူးငွေနိုင်(ငြိမ်း)တို့က ဖတ်ကြားတင်သွင်းပြီး အဖွဲ့ဝင် နှစ်ဦးက ပြန်လည် ဆွေးနွေးတင်ပြသည်။

**ဖတ်ကြားအတည်ပြု**

ထို့နောက် ဆုံးဖြတ်ချက် သုံးရပ်၊ အတည်ပြုချက်တစ်ရပ်၊ မှတ်တမ်းတင်ခြင်းနှစ်ရပ်ကို အခမ်းအနားမှူး ဗိုလ်ကြီး အောင်ဇော်မိုး(ငြိမ်း)က ဖတ်ကြား အတည်ပြုချက်ရယူကြောင်း သိရသည်။

(၁၂၃)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၇-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ မေတ္တသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဥပုသ်တော်သီလ** တရားတော် (မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဥ္ဇေယျဓမ္မသာမိ မဟာထေရ်)
- ၆:၄၀ ဖူးမည်အမှန်…. ထူးမည်ဧကန်…. မာရ်ငါးမာရ်
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၉)
- ၈:၃၀ Sports World
- ၈:၅၅ နေသူရိန်ပြောတဲ့ မင်းယှဉ်ရဲလား….ပြော
- ၉:၁၀ အဖိုးတန်ရတနာတို့ဖြစ်တည်ရာ
- ၉:၃၀ Cartoon Show Time (SPIRIT)
- ၁၀:၁၀ ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၁၀:၄၀ သင်ကြားရေးလမ်းညွှန် (G.E.S.C တရုတ်ဘာသာစကား သင်တန်းကျောင်း)
- ၁၀:၅၅ ကျန်းမာစေဖို့ Giffarine ဖြည့်စွက်စာများ
- ၁၁:၂၀ Sports Diary
- ၁၁:၄၅ သန့်လေးသန့်နှင့် အနုပညာရှင်များ (ဒေါက်တာခင်မောင်လွင်၊ ဒါရိုက်တာကြည်စိုးထွန်း)
- ၁၂:၂၀ ဟိုတယ်လမ်းညွှန် (Thiri Myanmar)
- ၁၂:၄၀ စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံ
- ၁:၀၀ **ဥပုသ်တော်သီလ** တရားတော် (မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဥ္ဇေယျဓမ္မသာမိ မဟာထေရ်)
- ၁:၄၀ ဖူးမည်အမှန်…. ထူးမည်ဧကန်…. မာရ်ငါးမာရ်
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-4)
- ၃:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၉)
- ၄:၃၅ တေးဂီတအစီအစဉ်
- ၄:၅၅ အဖိုးတန်ရတနာတို့ဖြစ်တည်ရာ
- ၅:၁၅ နေသူရိန်ပြောတဲ့ မင်းယှဉ်ရဲလား….ပြော
- ၅:၄၀ ကျန်းမာစေဖို့ Giffarine ဖြည့်စွက်စာများ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Celebrity Style (ရန်ရန်ချမ်းနှင့်ချီလီ)
- ၆:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-4)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ World of Knowledge (Salvage Code Red: Fire Storm)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၉)
- ၁၀:၀၀ Sunday Talk
- ၁၁:၁၀ Cartoon Show Time (SPIRIT)
- ၁၁:၄၅ Celebrity Style (ရန်ရန်ချမ်းနှင့်ချီလီ)
- ၁၂:၁၀ ကိုယ်ရောက်နေတဲ့ ကိုယ့်နေရာ တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
- ၁၂:၃၀ တန်ဖိုးမြင့်ထုတ်ကုန် သားရေစက်ရုံ
- ၁၂:၅၀ ဂုံညင်းတန်းတံတား
- ၁၂:၅၅ ပွင့်ဖြူ၏လက်ဆောင်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို**
**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်**
**ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။**
**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**
**UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**ကန်ကြီးထောင့်မြို့နယ်အမှတ်(၂)နှင့် (၄)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာ ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် လူမှုရေး အသင်းအဖွဲ့များ စုပေါင်း၍ ဇူလိုင် ၁၇ ရက်က ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် ပိုးလောက် လမ်းသေ ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ မြို့နယ်အတွင်းရေးမှူး ဒေါ်တင်သိန်းနှင့် အမှုဆောင်အရာရှိ ဦးလှသိန်းတို့က ကြီးကြပ်ပေးစဉ်။**

(မြို့နယ်စည်ပင်)



## ပူတာအိုတွင် စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေး

ပူတာအို ဇူလိုင် ၂၆

ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဘောမ်ယိန်းနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးချန်းဖုန်ရမ်တို့သည် ဇွန် ရရက်က ပူတာအိုမြို့နယ် အတွင်းရှိ မူလာရှီးဒီကျေးရွာ မဂါဖီးစာကြည့်တိုက်သို့လည်းကောင်း၊ လွတ်ဒမ်းလင်းပွင့် စာကြည့်တိုက်သို့လည်းကောင်း၊ ဆာရ်ခွမ်ဒမ်းကျေးရွာ ဆန်းစာကြည့်တိုက်သို့လည်းကောင်း၊ ပင်စင်ကျေးရွာ အိုန်ရိုန်စာကြည့်တိုက်သို့လည်းကောင်း သွားရောက်ပြီး စာကြည့်တိုက် ကော်မတီဝင်များနှင့်တွေ့ဆုံကာ မိမိတို့ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

❐ *ရှေ့ဖုံးမှ*

## ဝါဆိုသင်္ကန်းဆက်ကပ်

နေပြည်တော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဥပ္ပါတသန္တိစေတီတော် ဒုတိယအကြိမ် ဝါဆိုရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်အောင်ပွဲ အခမ်းအနားများကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ကျင်းပရာ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များအား ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဒေါ်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ နေပြည်တော် လယ်ဝေးပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒထံမှ အနုမောဒနာတရား နာယူကြ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

### အထူးစည်ကား

ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများမှ ဝတ်အသင်းများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်း၊ တပ်ဖွဲ့များမှ ဝတ်အသင်းများ၊ နေပြည်တော်ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းများက ဓမ္မစကြာတရားတော်အား ရွတ်ဖတ်ပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ညပိုင်းတွင် ဝတ်အသင်းများက ဓမ္မစကြာပါဠိတော်ကို ရွတ်ဖတ်ပူဇော်ကြကာ စေတီတော်ကြီးအား ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်ကြသည်။

အလားတူ နေပြည်တော်ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၌ ဝါဆိုဦး သီလဆောက်တည်သူ နေပြည်တော်နေဝန်ထမ်းများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး နေပြည်တော် ပျဉ်းမနားရှိ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရားနှင့် လောကမာရဇိန်ဘုရားတို့၌လည်း ဒေသနေပြည်သူများက အရုဏ်ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းများဖြင့် ကပ်လှူခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာတရားပွားများခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလျက်ရှိကြရာ အထူးစည်ကားလျက်ရှိသည်။

### ဆုချီးမြှင့်

ထို့အတူ နေပြည်တော် ပျဉ်းမနား မင်္ဂလာရပ်ကွက်ရှိ ရတနာသိဒ္ဓိ စာသင်တိုက်၌ စေတနာရှင်ပြည်သူများ စုပေါင်း၍ ကျောင်းတိုက်ရှိ စာဖြေသံဃာတော် (၅၄)ပါးတို့အား ဆုချီးမြှင့်ဆက်ကပ်ခြင်းနှင့် သံဃာတော် (၈၈)ပါးတို့အား ဝါဆိုသင်္ကန်းဆက် ကပ်လှူဒါန်းခြင်းတို့ကိုလည်းကောင်း၊ ကင်ပွန်းတန်းကျေးရွာအုပ်စုရှိ ကျေးရွာများမှ စေတနာရှင်များ စုပေါင်း၍ တံတားဦးကျောင်းတိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းတို့ကိုလည်းကောင်း ကျင်းပကြသည်။

ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် ၁၃၇၂ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ဆွမ်းတော်ကြီးတင်လှူပွဲ အခမ်းအနားကို နံနက် ၅နာရီတွင် စေတီတော်ရင်ပြင်တော် တောင်ဘက်ဆောင်ခံတန်ဆောင်း၌ ကျင်းပရာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီး၊ အမွှေးနံ့သာများ ထွန်းညှိပူဇော်ခြင်း၊ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ကြပြီး နံနက် ၉နာရီခွဲတွင် ရင်ပြင်တော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ မွန်းလွဲပိုင်းတွင် ဘာသာရေးအသင်း အဖွဲ့များက ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ကျင်းပ၍ ဓမ္မစကြာတရားတော်အား ရွတ်ဖတ်ပူဇော်ကြသည်။

### ရွတ်ဖတ်ပူဇော်

အလားတူ ဆူးလေစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဆူးလေစေတီတော် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို နံနက် ၈နာရီတွင် စေတီတော်မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဒေါ်သည်တော်များနှင့် စေတီတော်ရုံးအဖွဲ့ ဝန်ထမ်းများက ဝါဆိုရွှေကြာသင်္ကန်းတော်များဖြင့် စေတီတော်ကြီးအား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ကြ၍ ဘုရားငါးဆူတို့အား ကပ်လှူပူဇော်ကြကာ စေတီတော်ဂေါပက အဖွဲ့က ဦးဆောင်၍ စေတီတော်ရုံးအဖွဲ့ ဝန်ထမ်းများ၊ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာသုတ်အမွှန်းနှင့် ဓမ္မစကြာသုတ် ပါဠိတော်တို့အား ရွတ်ဖတ်ပူဇော်ကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ ကကြီးမှူး၍ ဝါတွင်းတရားပွဲကို မွန်းလွဲပိုင်းတွင် စတင်ကျင်းပရာ စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ တိပိဋကရေဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ ဒေါ်ပရိသတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို နာယူကြသည်။

### သီလပေး

စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဝါတွင်းသုံးလ အပတ်စဉ် ဥပုသ်နေ့တိုင်း သီလပေးတရားပွဲနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

ဝါဆိုလပြည့် ညဦးပိုင်းက ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ ကုသိုလ်ပြုသူ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)





ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

အလားတူ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ တေရသမအကြိမ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စတုတ္ထအကြိမ် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားများကို နံနက် ၉နာရီမှ စတင်၍ ကျင်းပရာ ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်၍ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများနှင့် အလှူရှင်များက ဝါဆိုရွှေကြာသင်္ကန်းများကို စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းများကို ကပ်လှူကြပြီး ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်တွင် ဂေါပက အဖွဲ့က ကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို မွန်းလွဲ ၁နာရီတွင် စေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ ဓမ္မစကြာအခါတော်နေ့အကြောင်း မင်္ဂလာထောမနာစကားပြောကြားခြင်း၊ ဓမ္မစကြာသုတ်ပါဠိတော်၊ အနတ္တ လက္ခဏာသုတ်ပါဠိတော်တို့အား ရွတ်ဆိုပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ရွှေဘုန်းပွင့်စေတီတော် (၅၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းပွဲကို နံနက်ပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်တော်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြကာ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသော လောကချမ်းသာ အဘယလာဘမုနိ၊ ကျိုက္ကစံ၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မိုးကောင်းစေတီနှင့် ဥက္ကလာပ စေတီတော်၊ ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်း ရေလယ်ဘုရား၊ သန်လျင်မြို့ရှိ ကျိုက်ခေါက်စေတီတော်၊ ခရမ်းမြို့ရှိ သွန်းဘုရားကြီးအပါအဝင် တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၌ ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်း၊ ဒါန၊ သီလ၊ ဘာဝနာပွားများကြခြင်း စသည့် ကုသိုလ်ကောင်းမှုများကို သဒ္ဓါထက်သန်စွာ ပြုကြလျက်ရှိရာ အထူးစည်ကားလျက်ရှိသည်။

**(သတင်းစဉ်)**

**ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့တွင် ဥပ္ပါတသန္တိစေတီတော် ဒုတိယအကြိမ် ဝါဆိုရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်အောင်ပွဲ အခမ်းအနားများကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကျင်းပစဉ်။** (သတင်းစဉ်)





**ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့တွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း ကုသိုလ်ပြုသူ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** (မြန်မာ့အလင်း)

# လမ်းပြုပြင်ဖောက်လုပ်လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ် ချုပ်ဆိုပွဲ

## ဆောက်လုပ်ရေးဝန်ကြီးဦးခင်မောင်မြင့် တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၆

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၅ရက် ည ၇နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ လမ်းပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ် ချုပ်ဆို လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်အား ပေးချီးမြှင့်သည်။**

### တက်ရောက်

အဆိုပါ စာချုပ် ချုပ်ဆိုပွဲအခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီခေါင်းဆောင်ခုတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိက လုပ်ငန်းရှင် ကုမ္ပဏီခေါင်းခုကိုယ်စား အေးရှားဝေါလ် ကုမ္ပဏီမှ ဒါရိုက်တာ ဦးမောင်ကျေးက ကျေးဇူးတင်စကားပြောကြားသည်။

### လက်မှတ်ရေးထိုး

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက အေးရှားဝေါလ် ကုမ္ပဏီမှ ဒါရိုက်တာနှင့်လည်းကောင်း၊ ရွှေသံလွင် ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာနှင့်လည်းကောင်း၊ ခိုင်မာသော ပန်းတိုင် ဆောက်လုပ်ရေးကုမ္ပဏီနှင့် တောင်ပေါ်ဒေသ ဆောက်လုပ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာနှင့်လည်းကောင်း၊ ရွှေတောင် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာနှင့် လည်းကောင်း၊ မြတ်နိုးသူ ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာနှင့်လည်းကောင်း လမ်းပြုပြင်ဖောက်လုပ် လုပ်ငန်း လုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေးအတွက် စာချုပ်များတွင် နှစ်ဦးနှစ်ဖက် လက်မှတ်များ အသီးသီးရေးထိုးခဲ့ကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ဝန်ကြီးသည် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိက လုပ်ငန်းရှင် ကုမ္ပဏီခေါင်းခုတို့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

### စာချုပ် ချုပ်ဆို

ယခုချုပ်ဆိုသည့် စာချုပ်များမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များဖြစ်ကြသည့် ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီက ရန်ကုန်-မြိတ် ပြည်ထောင်စုလမ်းမကြီး၏ ကျိုက်ထို-သထုံ-မော်လမြိုင်အပိုင်း ၇၈မိုင် ၆ဖာလုံနှင့် သထုံ-ဘားအံလမ်း ၂၆မိုင် ၂ဖာလုံကို လည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီက ရန်ကုန်-ပုသိမ်လမ်း ၁၁၃မိုင်၊ ပုသိမ်-ငွေဆောင်လမ်း ၂၉မိုင် ၅ဖာလုံနှင့် မြစ်ငယ်-ထုံးဘို-ပြင်ဦးလွင်လမ်း ၉မိုင် ၃ဖာလုံကိုလည်းကောင်း၊ ရွှေတောင် ကုမ္ပဏီက မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း၏ စစ်ကိုင်း-မုံရွာအပိုင်း ၇၃မိုင် ၃ဖာလုံနှင့် မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်း၏ အုန်းတော-ရွှေဘိုအပိုင်း ၄၃မိုင်ကို လည်းကောင်း၊ မြတ်နိုးသူ ကုမ္ပဏီက မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး-ပုဂံလမ်း ၉၃မိုင် ၆ဖာလုံနှင့် ညောင်ဦး-မြင်းခြံလမ်း မိုင်၄၀၊ ၂ဖာလုံကို လည်းကောင်း၊ တောင်ပေါ်ဒေသလမ်း ဆောက်လုပ်ရေး ကုမ္ပဏီက မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၏ မိတ္ထီလာ-တောင်ကြီးအပိုင်း မိုင် ၁၄၀၊ ၅ဖာလုံကို လည်းကောင်း၊ ခိုင်မာသော ပန်းတိုင် ကုမ္ပဏီက မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်း၏ ပါဟုတ်-ကာမိုင်း-လဝ-လုံခင်းအပိုင်း မိုင် ၆၀နှင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်း၏ နန့်စီးအောင်-နမ္မတီးအပိုင်း ၈၉မိုင်ကို လည်းကောင်း စုစုပေါင်း ပုဂ္ဂလိက လုပ်ငန်းရှင်ခေါင်းဖွဲ့တို့က လမ်းမိုင်ပေါင်း မိုင်၇၉၀ ကို ပြုပြင်ဖောက်လုပ် လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး (B.O.T) ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ လမ်းပြုပြင်ဖောက်လုပ်လုပ်ငန်းလုပ်ကိုင်ရေးနှင့် လွှဲပြောင်းပေးရေး(B.O.T)ပဋိညာဉ်စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(ဆောက်လုပ်ရေး)

# အိမ်ရာအဆောက်အအုံနှင့်နေထိုင်မှု ပြပွဲ(၂၀၁၀) Supercool ကားတာယာပြခန်းပါဝင်ပြသ

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ(၂၀၁၀)ကို ယနေ့တွင် တတိယမြောက်နေ့အဖြစ် ပြသလျက်ရှိရာ ပြပွဲလာ ပရိသတ်များအတွက် Htoo Group of Companies လက်အောက်ရှိ Aureum Palace Hotels-Resorts မှ စားသောက်ဖွယ်ရာများကို ဈေးနှုန်းချိုသာစွာဖြင့် တည်ခင်းရောင်းချလျက်ရှိသည်။

### ရောင်းချ

အဆိုပါပြပွဲတွင် Supercool တာယာပြခန်းလည်း ပါဝင်ပြသလျက်ရှိရာ ၄င်းပြခန်းတွင် နိုင်လွန် စတီး (Radial) တာယာတပ်ဆင် မောင်းနှင်နေသော မော်တော်ကားကြီးများ၏ တာယာ မျက်နှာပြင် အပေါက်အကွဲများ၊ ဘေးနံရံ အကွဲဒဏ်ရာများကြောင့် မောင်းနှင်၍ မရတော့သော တာယာများကို မူလပကတိ အတိုင်း အသုံးပြုနိုင်ရန် ပြုပြင်ပေးခြင်း၊ ပန်းသားကုန်အောင် မောင်းနှင်ပြီးသော ကားတာယာများကို အသစ်ကဲ့သို့ ပြန်လည်အသုံးပြုနိုင်ရန် အအေးပေါင်းစနစ်ဖြင့် ပန်းသားအသစ် တပ်ဆင်ခြင်းလုပ်ငန်းကို Kyi Brothers Industries Co.,Ltd. က တစ်နေ့လျှင် တာယာအလုံး ၂၀၀ အထိ ထုတ်လုပ်နိုင်သော ခေတ်မီစက်သစ်ကြီးများဖြင့် နိုင်ငံခြားသား Superviser ပညာရှင်များဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ Supercool အမှတ်တံဆိပ်ပါ Retread Tyre များကို အမှတ် ၁၇၀၊ ဦးတရုတ်ကြီးလမ်း၊ လှိုင်သာယာ စက်မှုဇုန် (၄)၊ ရန်ကုန်မြို့၊ ဖုန်း- ၇၂၈၃၅၁၊ ၆၈၅၁၄၄နှင့် ၆၈၅၇၇၈မှ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

Supercoolတာယာနှင့် ဆက်သွယ်ရရှိနိုင်သည့် လိပ်စာများမှာ ရန်ကုန် အရောင်းပြခန်း - အမှတ် ၈၂/၁၉ ဘုရင့်နောင်ဈေးရှေ့ ဘုရင့်နောင်ပွဲရုံလမ်း ဖုန်း - ၆၈၁၇၉၄၊ မန္တလေးအရောင်းပြခန်း-အမှတ်(၁၆) ၃၆လမ်း ၈၂ လမ်းနှင့် ၈၃ လမ်းကြား မန္တလေးမြို့၊ ဖုန်း-၀၉-၈၅၁၆၀၁၆၊ မော်လမြိုင် ကိုယ်စားလှယ်-အမှတ် (၁၄) ဈေးချို ကားကြီးအဝေးပြေးဝင်း မော်လမြိုင်မြို့ ဖုန်း- ၀၉-၈၇၀၀၁၇၇၊ ပဲခူးမြို့ ကိုယ်စားလှယ် - အမှတ် ၅၇/ခ သွန်း ဘုရားလမ်း သွန်းဘုရားရပ် ပဲခူးမြို့ ဖုန်း-၀၉-၅၁-၄၀၆၉၅ တို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**





**အိမ်ရာ အဆောက်အအုံနှင့် နေထိုင်မှုပြပွဲ(၂၀၁၀)တွင် Supercool ကားတာယာပြခန်း ပါဝင်ပြသစဉ်။**

(သတင်းစဉ်)

### ပေးအပ်လှူဒါန်း

**တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဦးလှရွှေ-ဒေါ်လှလှ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အဆောက်အအုံသစ် ဆောက်လုပ်ရန်နှင့် ဆွမ်း၊ ဆေး၊နဝကမ္မငွေပဒေသာပင်အတွက် အလှူငွေကျပ်သိန်း၁၀၀၀ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

# ဥတုရာသီ တောကိုမှီ၏

**၂၇-၇-၂၀၁၀ (အင်္ဂါနေ့)**

### နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော် ဘုရားကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိ ပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၈။ ဧရာဝတီအတွက်နောက်ထပ် တံတားတစ်စင်း (ညောင်ချောင်းတံတား)
- ၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၀ ၁၀။ **အမှန်ထင်နေသောအမှား**
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ Local Talent
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

### ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ တေးဂီတအစီအစဉ်
- ၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ဓာတုဗေဒ)
- ၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၅း၀၅ ၇။ **ရတနာစုံညီနေပြည်တော်ဆီ**
- ၅း၂၅ ၈။ **ပျော်ရွှင်ဆင်နွှဲဝါဆိုပန်းခူးပွဲ**
- ၅း၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၅၀ ၁၃။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ…ကိုယ့်ချစ်သူ** (အပိုင်း-၃)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **အထိမခံရွှေနိုင်ငံ** [တေးရေး၊ ဆို-ပေါက်စ (Drum)]
- ၁၉။ ရယ်စရာဟာသများ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ) (အပိုင်း-၁၃)
- ၂၁။ ရုပ်ရှင်ပဟေဠိ
- ၂၂။ အစီအစဉ်ပြီး၏။

# အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး ကာကွယ်ရေးနှိုးဆော်ချက်

အသည်းရောင်အသားဝါရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုးများလည်း ပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်) ပိုးများသည် တစ်ဦးနှင့်တစ်ဦးသွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံစသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။

(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။

(ဂ) အပ်စိုက်၊ ဆေးထိုး ဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။

(ဃ) သွေးမှတစ်ဆင့် ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သောသွေးရရှိရန် ဆောင်ရွက်ပါ။

(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး

## ကမ္ဘာမြေလေ့လာရေးဌာန ထူထောင်မည်

လန်ဒန် ဇူလိုင် ၂၆

ကမ္ဘာမြေစောင့်ကြည့်လေ့လာရေးဌာနတစ်ခုကို ဗြိတိန်နိုင်ငံ အော့ဖို့ဒ်ရှိုင်းယားအရပ်၌ ထူထောင်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်သိရှိနိုင်ရေးကို လေ့လာသုတေသနပြုသွားမည်ဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ဇူလိုင် ၂၅ရက်၌ ပြောကြားသည်။



၂၀၁၀ခုနှစ်အတွက် တောင်ကိုရီးယားအလှမယ်အဖြစ် ရွေးခြယ်ခံရသည့် ချောင်ဆိုယာကို ဇူလိုင် ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

### ကုန်ကျ

အဆိုပါကမ္ဘာမြေ စောင့်ကြည့်လေ့လာရေးဌာနထူထောင်ရန်အတွက် အမေရိကန်ဒေါ်လာ ငါးသန်း ကုန်ကျမည်ဖြစ်သည်။ ကမ္ဘာမြေနှင့်ပတ်သက်သည့် အရေးကြီးသော အချက်အလက်များကိုရရှိရန် အကူအညီပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် မည်သည့်အကျိုးသက်ရောက်မှုနှင့် ဆုတ်ယုတ်မှုများ ဖြစ်ပေါ်စေသည်ကိုလည်း လျင်မြန်စွာ သိရှိနိုင်မည်ဟု ဗြိတိန်နိုင်ငံ သိပ္ပံရေးရာဝန်ကြီး ဒေးဗစ်ဝဲလ်က ပြောကြားသည်။

### စုဆောင်း

ကမ္ဘာမြေနှင့်ပတ်သက်သော သတင်းအချက်အလက်များ ရယူရာတွင် ဂြိုဟ်တုမှရရှိသော သတင်းအချက်အလက်များကိုလည်း စုဆောင်းမည်ဖြစ်သည်။ (အင်တာနက်)

# ဟွန်ဒါလျှပ်စစ်ကားများ ၂၀၁၂ခုနှစ်၌ စတင်ရောင်းမည်

တိုကျို ဇူလိုင် ၂၆

၂၀၁၂ခုနှစ်တွင် အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၌ ဟွန်ဒါမော်တော်ကားကုမ္ပဏီမှ လျှပ်စစ်မော်တော်ကားများ စတင်ရောင်းချမည်ဖြစ်ကြောင်း ဇူလိုင် ၂၅ ရက်၌ ယင်းကုမ္ပဏီက သတင်းထုတ်ပြန်ကြေညာသည်။

### ထုတ်လုပ်

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့နည်းသွားရန် လျှပ်စစ်မော်တော်ကားများ ထုတ်လုပ်ခြင်းဖြစ်သည်ဟု ဟွန်ဒါကုမ္ပဏီဥက္ကဋ္ဌက ပြောကြားသည်။

ယခုနှစ်နှောင်းပိုင်းတွင် ဂျပန်နှင့် အမေရိကန်နိုင်ငံတို့၌ ဟွန်ဒါကုမ္ပဏီ၏ ပြိုင်ဘက်ဖြစ်သည့် နီဆန်ကုမ္ပဏီအနေဖြင့် လျှပ်စစ်မော်တော်ကားများ အမှာစာများရရှိနေပြီဖြစ်သည်။

တိုယိုတာ မော်တော်ကားကုမ္ပဏီမှလည်း ၂၀၁၂ခုနှစ်အတွက် လျှပ်စစ်မော်တော်ကားဒီဇိုင်းသစ်ကို ထုတ်လုပ်နိုင်ရန် စီစဉ်နေပြီဖြစ်သည်။ (အင်တာနက်)

# တူရကီ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး

## ဒေါ်လာ ၂၄ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည်

*အင်ကာရာ ဇူလိုင် ၂၆*

*တူရကီနိုင်ငံသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမေရိကန်ဒေါ်လာ ၂၄ဘီလီယံခန့်ကို ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း တူရကီခရီးသွားလုပ်ငန်း အရာရှိများက ဇူလိုင် ၂၅ရက်၌ ပြောကြားသည်။*

### *ရေရှည်*

*အဆိုပါငွေကြေးရင်းနှီးမြှုပ်နှံမှုများကို ၂၀၂၃ခုနှစ်အထိတာ ကာလအတွင်း ခရီးသွားလုပ်ငန်း၌ ရေရှည်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း တူရကီနိုင်ငံထူထောင်သည့် နှစ် (၁၀၀)ပြည့်အထိမ်းအမှတ် အခမ်းအနား၌ ၎င်းတို့ကပြောကြားသည်။*

### *ရည်မှန်း*

*တူရကီနိုင်ငံသို့ လာမည့် ၂၀၂၃ခုနှစ်အထိ ခရီးသွားဧည့်သည် ၇၁သန်းခန့် လာရောက်ရန် ရည်မှန်းထားပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၅ဘီလီယံခန့်ရရှိနိုင်လိမ့်မည်ဟုလည်း မျှော်မှန်းထားသည်။*

*တူရကီနိုင်ငံ၏ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များကို မျှော်လင့်ထားပြီး ခရီးသွားလုပ်ငန်းအတွက် နေရာအသစ်များကိုလည်း တိုးချဲ့ရန်ဆောင်ရွက်သွားမည် ဖြစ်သည်။ (အင်တာနက်)*

# အိန္ဒိယက ဒုံးကျည်စမ်းသပ်ပစ်လွှတ်



နယူးဒေလီ ဇူလိုင် ၂၆

အိန္ဒိယနိုင်ငံက ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်တစ်စင်းကို ဇူလိုင် ၂၆ရက်က အောင်မြင်စွာ ပစ်လွှတ်စမ်းသပ်နိုင်ခဲ့ကြောင်း အိန္ဒိယစစ်ဘက်မှ သတင်းထုတ်ပြန်သည်။ (ဓာတ်ပုံ)

### ပစ်လွှတ်

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးစနစ် အစိတ်အပိုင်း တစ်ရပ်အဖြစ် စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်အရှေ့ပိုင်း ကမ်းလွန်သို့ ပစ်ခတ်စမ်းသပ်ခြင်း ဖြစ်သည်။

ယင်းဒုံးကျည်များကို အိန္ဒိယနိုင်ငံ ဝိုးလာကျွန်းပေါ်၌ ဖြန့်ချထားရန် ရည်ရွယ်ထားကြောင်း၊ အိန္ဒိယနိုင်ငံ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးမှုအဖွဲ့မှ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။ (အင်တာနက်)

# လက်ဘနွန်လေပိုင်နက် အစ္စရေးကျူးကျော်ဟုဆို

*ဘေရွတ် ဇူလိုင် ၂၇*

*အစ္စရေးစစ်လေယာဉ်များသည် လက်ဘနွန်တောင်ပိုင်း၌ အနိမ့်ပျံကာ လက်ဘနွန်လေပိုင်နက်အတွင်း ထပ်မံကျူးကျော်ရန်စလာသည်ဟု လက်ဘနွန်စစ်ဘက်က ပြောဆိုသည်။*

*အစ္စရေး၏ အမ်ကေပုံစံ ကင်းထောက်လေယာဉ်များကို မိမိတို့ လေယာဉ်ပစ် အမြောက်များဖြင့် ဇူလိုင် ၂၆ရက်က ပစ်ကြောင်း လက်ဘနွန်စစ်ဘက်က ပြောဆိုသည်။*

*အစ္စရေးလေယာဉ်များ နေ့စဉ်လိုပင် လက်ဘနွန်နိုင်ငံ၏ လေပိုင်နက်ကို ကျူးကျော်ခြင်းမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၁၇၀၁ကို ချိုးဖောက်ခြင်းဖြစ်သည်ဟုလည်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ (အင်တာနက်)*

# ဘဂ္ဂဒက်ရှိ ရုပ်/သံအဆောက်အအုံ ဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဇူလိုင် ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ပိုင်းရှိ ဒူဘိုင်းအခြေစိုက် အယ်လ်အာဘီးယား ရုပ်မြင်သံကြားအဆောက်အအုံ အပြင်ဘက်၌ ဇူလိုင် ၂၆ရက် နံနက်တွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ (ယာပုံ)

ယင်းဗုံးခွဲတိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့ အယ်လ်ဟာသီယားခရိုင်အတွင်းရှိ အယ်လ်အာဘီးယား ရုပ်မြင်သံကြား အဆောက်အအုံသို့ဦးတည်ကာ ဗုံးခွဲသူက မော်တော်ယာဉ်ကို မောင်းနှင်ပြီး ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ဗုံးမှာ အယ်လ်အာဘီးယား ရုပ်မြင်သံကြား အဆောက်အအုံအပြင်ဘက်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး လေးဦးသေဆုံးကာ ၁၅ဦးခန့်ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)





ကမ္ဘာကြီး ပူနွေးလာမှုနှင့် ရာသီဥတု ပြောင်းလဲလာမှုတို့ကြောင့် အာတိတ် သမုဒ္ဒရာအတွင်း ရေခဲများ မြန်ဆန်စွာ အရည်ပျော်လျက် ရှိရာ အရည် ပျော်ရင်းမျောနေသော ရေခဲတုံးပေါ်၌ ပင်ဂွင်ငှက်များကို ဇူလိုင် ၂၅ရက်က ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

# အမေရိကန်မောင်းသူမဲ့လေယာဉ် ပါကစ္စတန်အနောက်မြောက်ပိုင်း၌ တိုက်ခိုက် ၁၆ဦးသေဆုံး

အစ္စလမ်မာဘတ် ဇူလိုင် ၂၆

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်မှ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ ၁၆ဦးသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြကြောင်း ပါကစ္စတန်လုံခြုံရေးအရာရှိများက ဇူလိုင် ၂၄ရက်၌ ပြောကြားသည်။

### တိုက်ခိုက်

မောင်းသူမဲ့လေယာဉ် တိုက်ခိုက်ခြင်းခံရသည့်နေရာမှာ ပါကစ္စတန် အနောက်မြောက်ပိုင်း ဝါနာမြို့အနောက်ဘက် ကီလိုမီတာ ၄၀ခန့်အကွာ ဒီဝါဆာရက်ရွာ၌ ဖြစ်ပြီး ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

### ဒဏ်ရာရ

ထိုသို့မောင်းသူမဲ့လေယာဉ်မှ တိုက်ခိုက်ခြင်းကြောင့် ရွာသားအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူဦးရေတိုးလာဖွယ်ရှိကြောင်း၊ ပြင်းထန်စွာဒဏ်ရာရရှိ သူများ ရှိကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

(အင်တာနက်)

# မန္တလေးတိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၆**

မန္တလေးတိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အင်ကြင်းပင်နှင့် ခရေပင်တို့ကို စတင်စိုက်ပျိုးပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သစ်ပင်၊ ပျိုးပင်များကို စိုက်ပျိုးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်သည်။

**စိုက်ပျိုးပေး**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အင်ကြင်း၊ ကံ့ကော်၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ မဟော်ဂနီ၊ မယ်ဇယ်၊ ယင်းမာ၊ တရုတ်တည်၊ ငုစပ်၊ ငုရွှေဝါ၊ သဘော်တည်၊ သရဖီ၊ ကုက္ကို၊ သပြေ၊ တရုတ်စံကား၊ ပုန်းညက်နှင့် ယူကလစ် စသည့် အပင်စုစုပေါင်း ၁၃၆၀ ကို စိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်ကို ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန် စိတ်ဓာတ်ခံယူချက် မြင့်မြင့်မားမားထား

## ဇွဲလုံ့လအပြည့်ဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ကျင်းပမည့် (၂၅)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့၊ ထိုင်းနိုင်ငံတွင် ကျင်းပမည့် HUA HIN REGATTA 2010 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာရွက်လှေအားကစား အဖွဲ့၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပမည့် SELANGOR INTERNATIONAL JUNIOR MASTERS 2010 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာဂေါက်သီးရိုက် အားကစားအဖွဲ့၊ နီပေါနိုင်ငံ ခတ္တမန္တူမြို့တွင်ကျင်းပမည့် အလေးမအားကစားနည်းနှင့် ပတ်သက်သည့် သုတေသနတွေ့ရှိချက်များ ဟောပြောပွဲနှင့် နည်းစနစ်ပိုင်းဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်မည့် မြန်မာကိုယ်စားလှယ်နှင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပမည့် 3rd ASIAN ALL-STARS ATHLETICS COMPETITIONS၌ နည်းစနစ်ပိုင်းဆိုင်ရာ တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ရန် သွားရောက်မည့် မြန်မာကိုယ်စားလှယ်တို့အား ဇူလိုင်၂၄ရက် ညနေ ၅နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ပတ္တမြားခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးအား ပြည်ပသို့သွားရောက်ကြမည့် မြန်မာအားကစားအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုကြပြီး မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် သွားရောက်ယှဉ်ပြိုင် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ထို့နောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက နိုင်ငံတော်ကို ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန် စိတ်ဓာတ်ခံယူချက် မြင့်မြင့်မားမားထားကာ ဇွဲလုံ့လအပြည့်ဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ

## မော်လမြိုင် အထက(၅)၌ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၂၆**

မွန်ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင်၂၂ရက် နံနက် ၁၀နာရီက မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်ရှိ အမှတ်(၅)အခြေခံ ပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဟောပြော**

အခမ်းအနားတွင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်မောင်က အဖွင့်အမှာစကားပြောကြားပြီး မွန်ပြည်နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့ တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပို့ချခြင်းကိုလည်းကောင်း **(အပေါ်ယာပုံ)**၊ ရဲတပ်ကြပ်ကြီး တင်လတ်က စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက် (၁၇)ချက်ကိုလည်းကောင်း၊ ဒုတိယရဲအုပ်အောင်နိုင်က ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် လက်အချက်ပြစနစ်များကိုလည်းကောင်း ရှင်းလင်းဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဓာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ယာဉ်ထိန်း(တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေးက တာဝန်ခံ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်မောင်ထံ ပေးအပ်သည်။

**ပြသ**

ယင်းနောက် တာဝန်ခံ ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့က ကျောင်းသား ကျောင်းသားများ သိရှိမှတ်သား လိုက်နာစေရေးအတွက် ယာဉ်စည်းကမ်းများနှင့် မှတ်တမ်းဓာတ်ပုံတို့ကို ရက်သတ္တပတ်ကြာ ပြသခဲ့ကြောင်း သိရသည်။ (၀၁၄)





# ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ

## ညောင်လေးပင်မြို့ အထက(၁)၌ကျင်းပ

**ညောင်လေးပင် ဇူလိုင် ၂၆**

ပဲခူးတိုင်း ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၁၀နာရီက အဆိုပါ ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းသိန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှရွှေတို့က အမှာစကားပြောကြားသည်။

**ဆုချီးမြှင့်**

ထို့နောက် ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ညောင်လေးပင်မြို့မှ ခြောက်ဘာသာ ဂုဏ်ထူးရှင် မထက်ထက်လင်းအား ကျောင်းအုပ်ဆရာကြီး ဦးဝင်းသိန်းကဆုချီးမြှင့်သည်။**(ဝဲပုံ)** (၀၅၃)






**လှူဒါန်း**

ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ အခန်း ၁၇ တိုက်၂၅နေ ဖခင်ကြီး ဦးတိုးလှိုင်အား ရည်စူး၍ ဒေါ်ခင်သန်းနွဲ့နှင့် သားသမီး၊ မြေးတစ်စုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ်ငါးသိန်း လှူဒါန်းရာ ဒေါက်တာဒေါ်သီတာလှိုင်နှင့် သူနာပြုအုပ်ဒေါ်မြင့်မေတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

**စာအုပ်စာပေ လှူမိတ်ဆွေ**



**ကွင်းဆင်းစစ်ဆေး**

မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း၊ တံတားရန်ပုံငွေဖြင့်ဆောင်ရွက်သော ရွှေသူငွေးရပ် ယုဝလမ်းပေ ၅၇၀× ၁၂ပေ ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၁ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ခင်မျိုးမျိုးလတ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဇော်မင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

**မြဝတီရုပ်မြင်သံကြား အစီအစဉ်**

၂၇-၇-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ လူတွင်တစ်ယောက်ဆိုရလောက်အောင် ထွန်းတောက်မည့်သူ
၇:၂၅ ၄။ ဓမ္မပူဇာတေး
၇:၃၀ ၅။ မျိုးချစ်တပ်မတော်
၇:၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၄)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေး တေးကဗျာ
၆:၂၀ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၅၂)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၃၉)

# ရောဝတီတိုင်း၏နှလုံးအိမ် မြို့တော်ပုသိမ်

သတင်းခရီးသည်-သတင်းထောက်ထွန်းဇော်(စမ်းချောင်း)၊ မှတ်တမ်းဓာတ်ပုံ-သတင်းထောက်မြင့်အောင်(အလုံ)၊ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

**ပုသိမ် ဇူလိုင် ၂၆**

မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်မှစ၍ ပုသိမ်ဟု ခေါ်တွင်ခဲ့ကြောင်း မှတ်တမ်းများအရ သိခဲ့ရသည်။ ယခင်က ကုသိမဟုလည်းကောင်း၊ ကုသိမ်ဟုလည်းကောင်း၊ ပသီဟုလည်းကောင်း ခေါ်ဆိုခဲ့ကြရာမှ ပုသိမ်ဟုခေါ်ရန် မော်ကွန်းစိုက်ထူပြီး ရှေးဟောင်းစာပေတိုက်စာရင်း စစ်တမ်း၊ ရှေးဟောင်းမှတ်တမ်းများတွင် တွေ့ရှိရပြီး (စည်ပင်ဝပြောမြို့) ပုသိမ်မြို့ဟု ခေါ်တွင်ခဲ့သည်။ ယခုအခါ ပုသိမ်ခရိုင်အဆင့်သို့ ရောက်ရှိပြီး ခရိုင်အဆင့်နှင့်အညီ မြို့နယ်ပေါင်း ခုနစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ ဧရိယာ ၄၁၂၇၂၃ ဧက၊ စတုရန်းမိုင် ၆၄၄၈၈ ရှိသည်။



**ပုသိမ်မြို့က လှိုက်လှဲစွာ ကြိုဆိုပါ၏ မြို့အဝင်ဆိုင်းဘုတ်နှင့် အလှပန်းခုံတို့ မြင်ကွင်းအလှ။**

## တည်ရှိ

ရောဝတီတိုင်း၏ မြို့တော်ပုသိမ် တည်နေရာကား အရှေ့ဘက်တွင် ကန်ကြီးထောင့်မြို့နယ်၊ အနောက်ရိုးမ တောင်တန်းနှင့် သံတွဲမြစ်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင် ငပုတောမြို့နယ်နှင့် ငရုတ်ကောင်းမြို့နယ်၊ မြောက်ဘက်တွင် သာပေါင်းမြို့နယ်နှင့် ရခိုင်ပြည်နယ်တို့ တည်ရှိကြသည်။

## ထူးထူးခြားခြား

ရောဝတီတိုင်းသည် လယ်ယာစိုက်ပျိုးရေးကို ကနဦးအစကပင် အထူးအလေးထား စိုက်ပျိုးလာခဲ့ရာ ရောဝတီတိုင်းအတွင်းရှိ ပုသိမ်ခရိုင် ပုသိမ်မြို့သည် ထူးထူးခြားခြားပါဝင်ခဲ့သည်။ ရောဝတီတိုင်းနှင့်ပုသိမ်ကား ခွဲခြား၍မရခဲ့။ နှစ်ပေါင်းများစွာ တိုင်ခဲ့ပြီ။

## အကျိုးတူပူးပေါင်း

ပုသိမ်ခရိုင်အတွင်း စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသခံတောင်သူများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များနှင့် ဖွဲ့စည်းထားသော ဆန်စပါးအထူးပြု ရောပုသိမ်ကုမ္ပဏီ အမှတ်(၁)မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်လှိုင်၏ ပြောပြမှုကလည်း စိတ်ဝင်စားစရာဖြစ်သည်။ ၂၀၁၀ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ကျပ်သိန်းပေါင်း တစ်သောင်းကျော် ထုတ်ချေးရန် စီစဉ်ထားပြီး စိုက်ပျိုးငွေများကို သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးလျက်ရှိကြောင်း၊ တောင်သူများနှင့် အကျိုးတူပူးပေါင်း၍ မျိုးစပါးထုတ်ခြင်း၊ အရည်အသွေး စံချိန်မီ စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ ပျောက်ကွယ်နေသော အိမ်တော်ရာဆန်အဖြစ် နာမည်ကြီးခဲ့သည့် ဦးတိုကြီး ပေါ်ဆန်းမွှေးကို ပြန်လည်ဖော်ထုတ်သည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောပြသဖြင့် ဒေသခံများအတွက် အားရပီတိ ဖြစ်ခဲ့ရသည်။

တောင်သူများ စိုက်ပျိုးချိန်တွင် လိုအပ်သော မျိုးစပါး၊ မြေဩဇာအမျိုးမျိုး၊ စက်သုံး



**ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေက စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားစဉ်။**

ဆီ၊ လယ်ယာသုံးစက်ကိရိယာများ၊စိုက်ပျိုးမှုနည်းပညာများကို စနစ်တကျ ဖြန့်ဝေပေးလျက်ရှိသည်။ ပြည်ပဆန်တင်ပို့ရေးကဏ္ဍတွင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၏ ဦးဆောင်မှုဖြင့် ပြည်ပဆန်တန်ချိန် ၁၅၀၀ ခွင့်ပြုချက်ရရှိထားပြီး တန်းမြင့် ဆန်တန်ချိန် ၁၀၀၀ကို လစဉ်ပုံမှန် တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

## စိုက်ပျိုးထုတ်လုပ်

ပြည်ပဈေးကွက်ဝင် အရည်အသွေးမီဆန်များ ထွက်ရှိရေးအတွက် အခြေခံကျသော မျိုးစပါးများကို ယမန်နှစ်ကပင် မျိုးစေ့ထုတ်ဇုန်များ သတ်မှတ်၍ စိုက်ပျိုးထုတ်လုပ်ခဲ့ရာ ထွက်ရှိလာသော မျိုးစပါးများကို ယခုနှစ် ၂၀၁၀ခုနှစ် မိုးစပါးရာသီတွင် အရည်အသွေးမီ မျိုးစပါးတင်း ၂၀၀၀၀ကျော်အား ကျေးရွာများသို့ ကန်ထရိုက်တာ လယ်ယာစနစ်ဖြင့် ဖြန့်ဝေပေးပြီး စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

## စိုက်ပျိုးနိုင်

၂၀၀၉-၂၀၁၀ခုနှစ်အတွက် နွေစပါး လျာထား စိုက်ပျိုးရာတွင် ဧက ၄၅၀၀၀ လျာထားပြီး ၄၅၀၁၈ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

## ရည်မှန်းချက်များအောင်မြင်

ဆောင်းသီးနှံစိုက်ပျိုးမှုမှာ ယမန်နှစ်က လျာထားစိုက်ပျိုးမှု သီးနှံမျိုးစုံ လျာထားချက်ထက် ကျော်လွန်ခဲ့ပြီး ယခုနှစ် ၂၀၀၉-၂၀၁၀ခုနှစ်တွင် ပဲမျိုးစုံ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက်စုံတို့မှာလည်း လျာထားချက်ထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မှုကြောင့် ရည်မှန်းချက်များ အောင်မြင်လျက်ရှိသည်ဟု ဆိုရပေမည်။

## ပြည်တွင်းဖူလုံ

ထို့ကြောင့် ရောဝတီတိုင်းအတွင်းရှိ အဖွဲ့အစည်း အဆင့်ဆင့်၏ ကြိုးကြပ်မှု၊ တောင်သူလယ်သမားများ၏ ကြိုးပမ်းမှုတို့ကြောင့် စပါးနှင့် အခြားသီးနှံများ ပြည်တွင်း၌ စားသုံးရန် ဖူလုံပြီး ပြည်ပ





**မြို့မဈေးကြီး**

**ပုသိမ်မြို့မဈေးကြီး နံနက်ပိုင်း မြင်ကွင်း။**

ဝင်ငွေ ရှာဖွေပေးနိုင်သည့် ရောဝတီတိုင်းအတွင်းမှ ပုသိမ်မြို့သည် ကြိုးစားမှု၊ ရိုးသားမှု၊ ခွဲလုံ့လရှိမှုတို့ကို အရင်းခံထားသော ရောဝတီသားတို့၏ လုပ်အားအလှကြောင့် ပိုမိုတောက်ပ စည်ပင်နေပါကြောင်း မှတ်တမ်းတင် ရေးသားဖော်ပြလိုက်ရပါသည်။ ။

**ပသာဒအလှ**

**အောင်မြင် ဖြစ်ထွန်းနေသော မိုးစပါးစိုက်ကွက်၏ ပသာဒအလှ။**

# စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျိုင်းတုံ၌ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၆**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် ဇူလိုင် ၁၆ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု၌ ကျင်းပသော မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲ အခမ်းအနားသို့တက်ရောက်ပြီး ဒေသခံတောင်သူများ စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကာ တက်ရောက်လာကြသည့် ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## တက်ရောက်

ယင်းနောက် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံ၌ ကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးကာ ဆေးရုံဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှု အားပေးပြီးနောက် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ ကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပုသိမ်ခရိုင်၌ ပညာပေးသင်တန်းဖွင့်

**ပုသိမ် ဇူလိုင် ၂၆**

ရောဝတီတိုင်း ပုသိမ်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ၂၀၁၀ခုနှစ် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပညာပေးသင်တန်းကို ဇူလိုင် ၂၀ရက် မွန်းလွဲ ၁နာရီက ရောဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ရောဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာကိုယ်စား ဒုတိယတိုင်းမန်နေဂျာ ဦးလှဝေက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

## ရှင်းလင်းပြောကြား

ထို့နောက် သင်တန်းလာရောက်ပို့ချသည့် ပညာရေးအဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာရဲတင့်ထွန်းက သင်တန်းဖွင့်လှစ်ရသည့်အကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား ၈၅ဦး တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)**

**၂၈-၇-၂၀၁၀**

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက် |
| ၇း၀၅ | တရားတော် **(မေတ္တာသုတ်+ခန္ဓသုတ်)** ဓမ္မပူဇာတေးပဒေသာ |
| ၇း၃၀ | (၃၈)ဖြာမင်္ဂလာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန် + သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၁၀း၀၀ | အမှတ်တရ တေးလက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တေးပဒေသာ |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၀) နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၃၀ | ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ |
| ၁၂း၀၀ | စံတော်ချိန် ဂန္ထဝင်ရင်ခုန်သံ(၉) |
| ၁၂း၂၅ | ဇာတ်လမ်းပမာ နားဆင်စရာ |
| ၁၂း၄၅ | တေးပဒေသာ |
| ၁၃း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁၃း၁၀ | တေးပဒေသာ |
| ၁၃း၃၀ | အစီအစဉ်ပြီး၏။ |
| ၁၆း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၁၆း၃၀ | စစ်သည်အတွက် တေးလက်ဆောင် |
| ၁၇း၀၀ | ခံတွင်းမြိန်စရာ သူ့လက်ရာ (ခရမ်းချဉ်သီးပန်ထွေဖျော်နဲ့ ငါးပိကောင်ကြော်) |
| ၁၇း၁၀ | Current Song |
| ၁၇း၂၅ | သတင်းစာဆောင်းပါး |
| ၁၇း၃၀ | တေးပဒေသာ |
| ၁၇း၃၅ | အင်္ဂလိပ်စာသုတပဒေသာ(၁၇) |
| ၁၈း၀၀ | ညနေခင်းသတင်း |
| ၁၈း၁၀ | ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၆၀) |
| ၁၈း၂၀ | ကျေးလက်ဇာတ်လမ်း **အားမလျှော့နဲ့ရောက်လုပြီ** |
| ၁၈း၃၀ | တူယှဉ်သီကြွေးစုံတွဲတေး |
| ၁၉း၀၀ | နိုင်ငံတကာသတင်း |
| ၁၉း၀၅ | သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက် |
| ၁၉း၁၅ | အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (မြင်စိုင်းသားအောင်အောင်) |
| ၁၉း၄၀ | တေးပဒေသာ |
| ၂၀း၀၀ | ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက် |
| ၂၀း၂၀ | တေးပဒေသာ |
| ၂၀း၅၀ | ကျန်းမာရေးရာ သိကောင်းစရာ (ဆေးဖက်လည်းဝင် အဆိပ်ဖြေဆေးတစ်ပင်) လူမှုရေးဦးတည်ချက် |
| ၂၁း၀၀ | ခံစားနားဆင် မြန်မာတေးသံစဉ် |
| ၂၁း၃၀ | ညချမ်းချိန်ခါ တေးပဒေသာ |
| ၂၂း၀၀ | အစီအစဉ်ပြီး၏။ |



စက်ပစ္စည်းများ ခင်းကျင်းပြသထားမှု စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်၌ ကုမ္ပဏီများမှထုတ်လုပ်သော မိုဘိုင်းလ်ဆက်သွယ်ရေး စက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ၂၀၁၀ခုနှစ် ဧပြီ ၁၅ရက်က ကြည့်ရှုစစ်ဆေးစဉ်။

*** ရှေ့ဖုံးမှ**

## တိုးတက်ဖွင့်လှစ်

ဤသို့ မြားမြောင်လှသည့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများထဲမှ စာပို့တိုက်နှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း၏ ဖြစ်ထွန်းမှုများကို ၁၉၈၈ခုနှစ်နှင့် နှိုင်းယှဉ်၍လေ့လာကြည့်ရာ တွေ့ရှိရသည်များမှာ အံ့မခန်းပင်တည်း။ ၁၉၈၈ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ စာတိုက်စခန်း ၁၁၁၄ခုသာ ရှိခဲ့ရာမှ ယခုအခါ ၁၃၇၅စခန်းထိ ရှိလာခဲ့ပြီဖြစ်သည်။ စာတိုက်စခန်းပေါင်း ၂၆၁ခု တိုးတက်ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုနည်းတူ အလားတူကာလက ကြေးနန်းရုံး ၃၁၀သာရှိခဲ့ရာမှ ယခုအခါ ၅၁၃ရုံးအထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကြေးနန်းရုံး ၂၀၃ရုံး တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရှိရသည်။ ဖက်စ်အသုံးပြုမှုအနေဖြင့် ယခင်က ၁၀ခုသာရှိခဲ့ရာမှ လက်ရှိကာလတွင် ၅၃၈၅ခုထိရှိလာခဲ့သည်။ ၁၉၈၈ခုနှစ်တွင် ကွန်ပျူတာကြေးနန်း လုံးဝမရှိရာမှ ယခုအခါ ကွန်ပျူတာကြေးနန်းအသုံးပြုနိုင်မှုမှာ ၁၄၀အထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။

ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များထဲတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်း တိုးတက်ဖြစ်ထွန်းမှုများကို ပိုမိုသိသာထင်ရှားစွာ တွေ့မြင်နိုင်သည်။ အော်တိုတယ်လီဖုန်းလုပ်ငန်းများနှင့် မိုဘိုင်းလ်တယ်လီဖုန်းလုပ်ငန်းများကို တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့မှုကြောင့် ၁၉၈၈ခုနှစ်၌ တယ်လီဖုန်း သိပ်သည်းဆ လူ ၁၀၀၀လျှင် ၁ ဒသမ ၉၂သာရှိခဲ့ရာမှ ယခု ၂၀၁၀ခုနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆ ၃၇ ဒသမ ၇၈အထိ အချိုးအဆကြီးမားစွာ မြင့်တက်လာသည်ကို လေ့လာတွေ့ရှိရသည်။

ဤသို့ဖြစ်ထွန်းမှုများကို ကိန်းဂဏန်းများဖြင့် သက်သေပြရပါသော်-



ဒေသခံပြည်သူများ လူမှုရေး၊ စီးပွားရေး စသည့် လုပ်ငန်းများကို ဒေသတွင်းသာမက နိုင်ငံတကာသို့ပင် ဆက်သွယ်ပြောဆိုမှု အဆင်ပြေစေရန်အတွက် မြစ်ကြီးနားမြို့၌ ဆယ်လူလာနှင့် ဂျီအက်စ်အမ် ရေဒီယိုစခန်းကို နိုင်ငံတော်က ဤသို့ တည်ဆောက်ပေးခဲ့သည်။

### ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍ

| အမျိုးအစား | ရေတွက်ပုံ | ၁၉၈၈ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|
| စာတိုက်စခန်း | ခု | ၁၁၁၄ | ၁၃၇၅ | ၂၆၁ |
| ကြေးနန်းရုံး | ရုံး | ၃၁၀ | ၅၁၃ | ၂၀၃ |
| ဖက်စ်စီမီလီ | ခု | ၁၀ | ၅၃၈၅ | ၅၃၇၅ |
| ကွန်ပျူတာကြေးနန်း | ခု | - | ၁၄၀ | ၁၄၀ |
| **တယ်လီဖုန်းရုံး** | | | | |
| -Digital အော်တိုအိတ်ချိန်း | ရုံး | ၅၂ | ၃၇၅ | ၃၆၃ |
| -လက်လှည့်အိတ်ချိန်း | ရုံး | ၂၁၁ | ၃၀၆ | ၉၅ |
| -ကျေးလက်တယ်လီဖုန်းအိတ်ချိန်း | ရုံး | - | ၂၃၃ | ၂၃၃ |
| **လိုင်းအင်အား** | လိုင်း | ၇၄၈၅၅ | ၂၁၇၂၄၃၄ | ၂၀၉၇၅၇၉ |
| -အော်တိုတယ်လီဖုန်း | လိုင်း | ၇၄၈၅၅ | ၈၆၆၀၈၄ | ၇၉၁၂၂၉ |
| -ARTSရေဒီယိုတယ်လီဖုန်း | လုံး | - | ၃၈၅၆ | ၃၈၅၆ |
| -DECT ရေဒီယိုတယ်လီဖုန်း | လုံး | - | ၁၉၄၉ | ၁၉၄၉ |
| -CDMA (Fixed)တယ်လီဖုန်း | လုံး | - | ၂၀၀၃၈ | ၂၀၀၃၈ |
| **မိုဘိုင်းလ်တယ်လီဖုန်း** | လုံး | - | ၁၃၀၆၃၅၀ | ၁၃၀၆၃၅၀ |
| -CDMA (Mobile)တယ်လီဖုန်း | လုံး | - | ၅၄၅၆၅၀ | ၅၄၅၆၅၀ |
| -CDMA 800 | လုံး | - | ၁၅၀၀၀၀ | ၁၅၀၀၀၀ |
| -D-AMPS တယ်လီဖုန်း | လုံး | - | ၃၈၄၀၀ | ၃၈၄၀၀ |
| -GSM တယ်လီဖုန်း | လုံး | - | ၄၉၄၃၀၀ | ၄၉၄၃၀၀ |
| -WCDMA တယ်လီဖုန်း | လုံး | - | ၂၈၀၀၀ | ၂၈၀၀၀ |
| -Mc WLL တယ်လီဖုန်း | လုံး | - | ၅၀၀၀၀ | ၅၀၀၀၀ |
| တယ်လီဖုန်းသိပ်သည်းဆ | (လူ ၁၀၀၀ လျှင်) | ၁.၉၂ | ၃၇.၇၈ | ၃၅.၈၆ |
| အီးမေးလ်/အင်တာနက် | ခု | - | ၈၅၄၈ | ၈၅၄၈ |
| ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း | ခု | - | ၁၇၇၃ | ၁၇၇၃ |
| ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးချန်နယ် | ခု | - | ၇၀၉၂ | ၇၀၉၂ |
| အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချန်နယ် | ခု | ၂၆ | ၃၈၁၆ | ၃၇၉၀ |
| **အဝေးဆက်သွယ်ရေးဆက်ကြောင်းများ** | | | | |
| -ပြည်ပဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း | ခု | ၁ | ၂ | ၁ |
| -ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချန်နယ် | ခု | ၂၆ | ၈၀၄ | ၇၇၈ |
| -ပြည်ပရေအောက်ကေဘယ်လ်ဆက်သွယ်ရေးချန်နယ် | ခု | - | ၁၈၁၅ | ၁၈၁၅ |
| -ဖိုင်ဘာကေဘယ်ဆက်ကြောင်း | မိုင် | - | ၈၄၇၀ | ၈၄၇၀ |
| -ကုန်းတွင်းနယ်စပ်ဖြတ်ကျော် ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း | ခု | - | ၁၁၉၇ | ၁၁၉၇ |
| -Digital မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း | စခန်း | - | ၃၁၂ | ၃၁၂ |
| -အင်နာလော့ဂ် မိုက္ကရိုဆက်ကြောင်း | စခန်း | ၇၁ | - | Digital ပြောင်း |
| -ကယ်ရီယာ | စခန်း | ၁၂၄ | - | Digital ပြောင်း |

## အလျှဉ်မပြတ်

၄င်းအပြင် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလျှဉ်မပြတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် မဝေးတော့သော အနာဂတ်၌ ဖြစ်တည်လာတော့မည့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ဤသို့ လေ့လာတွေ့ရှိရသည်။

- တည်ဆောက်ဆဲ ဒစ်ဂျစ်တယ် မိုက္ကရိုဝေ့ဗ် စခန်းပေါင်း - ၈၁ ခု
- **အော်တိုတယ်လီဖုန်း တပ်ဆင်ထားရှိမှုအခြေအနေ**
  - တပ်ဆင်ဆဲအိတ်ချိန်း - ၈၀ (၃၅၉၆၆ လိုင်း)
- **မိုဘိုင်းလ်တယ်လီဖုန်းစနစ်များ တပ်ဆင်မှု**



ပြင်ဦးလွင်မြို့ရှိ Elite Tech Manufacturing Co.,Ltd. စက်ရုံတွင် မိုဘိုင်းလ်ဆက်သွယ်ရေး စက်ပစ္စည်းများ တပ်ဆင်လျက်ရှိသည်ကို ဤသို့ တွေ့ရသည်။

### နေပြည်တော် ဗဟိုစာတိုက်ကြီး

နေပြည်တော်တွင် ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် တည်ဆောက်ထားသော နေပြည်တော်ဗဟိုစာတိုက်ကြီး အဆောက်အအုံကို ဤသို့ ခမ်းနားထည်ဝါစွာ တွေ့ရသည်။



**အလျဉ်မပြတ်**

ယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်
ဖြင့် ဆောင်ရွက်လျက်ရှိရာတွင် မဝေးတော့သော
တာ့မည့် ဆောင်ရွက်ဆဲလုပ်ငန်းများကို ဤသို့

ခစ်ဂျစ်တယ်
ပေါင်း - ၈၁ ခု
န်း
**ခခြေအနေ**
က်ချိန်း - ၈၀ (၃၅၉၆၆ လိုင်း)
**ဖုန်းစနစ်များ**

- ဆောင်ရွက်ဆဲ GSM ရေဒီယိုစခန်း - ၃၀ (၆၁၄၀၀ လိုင်း)
- CDMA-450 **မိုဘိုင်းလ်ဖုန်း (ယာဉ်တင်)**
  - ဆောင်ရွက်ဆဲစခန်း - ၁၅၁ ခု (၂၈၁၀၀၀ လိုင်း)
- CDMA-800 WLL **မိုဘိုင်းလ်ဖုန်း**
  - ဆောင်ရွက်ဆဲစခန်း - ၄၂ ခု (၁၀၀၀၀၀ လိုင်း)

**ပူးပေါင်းဆောင်ရွက်**

MPT Satellite Terminal စီမံကိန်းကို မြန်မာနိုင်ငံတစ်ဝန်း ဝေးလံခေါင်ဖျားဒေသများ၊ ဆက်သွယ်ရေးခက်ခဲသော ပြည်နယ်နှင့်တိုင်း အသီးသီးရှိ



ဒေသများနှင့် နယ်စပ်ဒေသများတွင် ဆက်သွယ်မှုလွယ်ကူလာစေပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ၂၀၀၄ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဤစီမံကိန်း ဆောင်ရွက်ပြီးစီးခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းရှိ ဝေးလံခေါင်ဖျားသော ဒေသအသီးသီးတို့တွင် MPT Satellite Terminal စခန်းများမှတစ်ဆင့် တယ်လီဖုန်း၊ ဖက်စ်၊ အင်တာနက် ဆက်သွယ်မှုများ လွယ်ကူစွာ ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားနယ်မြို့များတွင် ဆက်သွယ်မှုများ လွယ်ကူစေရန်အတွက် G.S.M မိုဘိုင်းလ်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၁၆-၇-၂၀၀၄ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခုအခါ မိုဘိုင်းလ်ဖုန်းစနစ် အမျိုးအစားသစ်များဖြင့် တစ်နိုင်ငံလုံး ဆက်သွယ်ပြောဆိုနိုင်ရုံသာမက ပြည်ပနိုင်ငံများ၊ အင်တာနက်များကိုပါ ချိတ်ဆက်ပြောဆို အသုံးပြုလာနိုင်သည်အထိ ဆက်သွယ်ရေးနည်းပညာမြင့်မားဖွံ့ဖြိုးလာအောင် စွမ်းဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ ဆယ်စုနှစ် နှစ်စုနီးပါးအတွင်း ဆက်သွယ်ရေးကဏ္ဍအသစ်များစွာတို့သည် ပြည်သူတို့၏ လူနေမှုဘဝကို ထူးခြားစွာ ပြောင်းလဲစေခဲ့သည်။ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့တွင် သိသာထင်ရှားသော အပြောင်းအလဲအသစ်များ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေခဲ့ပြီဖြစ်သည်။

**နေပြည်တော် ဗဟိုစာတိုက်ကြီး**

**နေပြည်တော်တွင် ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် တည်ဆောက်ထားသော နေပြည်တော်ဗဟိုစာတိုက်ကြီး အဆောက်အအုံကို ဤသို့ ခမ်းနားထည်ဝါစွာ တွေ့ရသည်။**

**အကောင်အထည်ဖော်**

ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်း ဆောင်ရွက်ချက်ကို လေ့လာပါက စာတိုက်လုပ်ငန်း အသစ် ဖွင့်လှစ်ခြင်း ခုနစ်ရုံး၊ စာတိုက်အဆင့်မြှင့်တင်ခြင်း ၁၉ရုံး၊ ကြေးနန်းအသစ်ဖွင့်လှစ်ခြင်း သုံးရုံး၊ အဆင့်မြှင့်တင်ခြင်း လေးရုံး၊ အော်တိုတယ်လီဖုန်းလိုင်းအင်အား ၄၅၆၂၀၊ မိုဘိုင်းလ်တယ်လီဖုန်းလိုင်းအင်အား ၉၁၅၄၀၊ အိတ်ချိန်းပေါင်း ၄၆ရုံး နှင့် အဝေးဆက်သွယ်ရေး မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း ၁၄ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

ထို့ပြင် ပြည်ပဆက်သွယ်ရေးဆက်ကြောင်းအနေဖြင့် ဂြိုဟ်တု ဆက်သွယ်ရေးစနစ်၊ ဖိုင်ဘာဆက်သွယ်ရေးစနစ်၊ ရေအောက်ကေဘယ်လ်ဆက်သွယ်ရေးစနစ်၊ နယ်စပ်ဖြတ်ကျော်ဆက်သွယ်ရေးစနစ်များဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးချန်နယ်ပေါင်း ၃၃၆၉ရှိကာ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်း ၁၂ခု ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

**GSM မိုဘိုင်းလ်ဖုန်းယဉ်ကျေးမှု နိုင်ငံအဝန်း ဖြစ်ထွန်းလာခဲ့ရာ ချောက်မြို့၌ GSM တာဝါတိုင်စခန်းကို ဤသို့ ဖွင့်လှစ်ထားသည်။**





**ဖျာပုံမြို့နယ် CDMA စခန်း**

**ဒေသခံပြည်သူများ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဖျာပုံမြို့နယ် ဒေါ်ညီမ်းကျေးရွာ၌ တည်ဆောက်ပေးထားသော CDMA-450 စခန်းကို တွေ့ရစဉ်။**



**အစားထိုးသုံးစွဲ**

ထိုမျှမက အင်တာနက်သုံးစွဲမှု ပိုမိုမြန်ဆန်စေပြီး နယ်မြို့အများအပြားတွင်ပါ အင်တာနက်ရောက်ရှိ အသုံးပြုနိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော်ဆက်သွယ်ထားသည့် ကေဘယ်လ်လိုင်းများနေရာတွင် မြန်နှုန်းမြင့် Fibre-Optics (အလင်းဖန်မျှင်)လိုင်းများဖြင့် အစားထိုးသုံးစွဲခြင်းဖြင့် ယခင်ထက် အင်တာနက်သုံးစွဲမှု ပိုမိုမြန်ဆန်လာပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

ထို့အတူပင် အီလက်ထရွန်နစ်ဆက်သွယ်ရေးနည်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု၍ ရုံးလုပ်ငန်းများ စီမံခန့်ခွဲမှုပြုနိုင်ရန် e-Government စနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစနစ်သည် စာရွက်စာတမ်းများ၊ သတင်းအချက်အလက်ဖလှယ်နိုင်သည့် ရုံးတွင်းသတင်းအချက်အလက်စနစ်၊ အစီရင်ခံစာများ၊ ညွှန်ကြားချက်များကို ဌာနဆိုင်ရာများတွင် လက်ရှိ ကျင့်သုံးနေသော မူရင်းပုံစံမပျက်စေဘဲ အိုင်စီတီနည်းပညာအသုံးပြု၍ ဝန်ကြီးဌာနအချင်းချင်း ပိုမိုထိရောက်လွယ်ကူလျင်မြန်စွာ အသုံးပြုနိုင်ပြီး ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်း၍စီမံခန့်ခွဲနိုင်သော ဝန်ထမ်း အချက်အလက် မှတ်တမ်းစနစ်တစ်ခုဖြစ်သည်။

**ထုတ်လုပ်ဖြန့်ဖြူး**

ထို့ပြင် e- Banking System, e-Passport , e-Credit, e-Liberary, e-Learning Center စသည်ဖြင့် အီလက်ထရွန်နစ်နှင့် ဆက်သွယ်ရေးနည်းပညာများ ပေါင်းစပ်အသုံးပြုလာနိုင်သဖြင့် ပြည်တွင်းသာမက အပြည်ပြည်ဆိုင်ရာနှင့်ပါ ဆက်သွယ်ဆောင်ရွက်နိုင်မှု ပိုမိုလွယ်ကူလာလျက်ရှိသည့်အပြင် ဆက်သွယ်ရေးဆက်စပ် ပစ္စည်းများကိုလည်း ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ အခြေချ ဖွံ့ဖြိုးတိုးတက်သော အီလက်ထရွန်နစ်စက်မှုမြို့ ဖြစ်တည်ပေါ်ပေါက်လာစေရန် ရတနာပုံမြို့သစ်ကို အကောင်အထည်ဖော်၍ လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*



ပြင်ဦးလွင်မြို့နယ်ရှိ ရတနာပုံ Cyber Hall ၏ မြင်ကွင်းအလှကို ဤသို့ တွေ့ရသည်။

*စာမျက်နှာ ၉ မှ*

ယနေ့ကာလ နိုင်ငံတစ်ဝန်း ပေါ်ပေါက်လာသော အင်တာနက်ကဖေးများ၊ ဖက်စ်၊ အီးမေးလ်ဝန်ဆောင်မှုလုပ်ငန်းများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသော ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဆက်သွယ်ရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုများပင်ဖြစ်သည်။

**တစိုက်မတ်မတ်**

အထက်ပါ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် များပြောင်လှစွာသော ဖွံ့ဖြိုးရေးကဏ္ဍများစွာထဲမှ တစ်ခုပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အခက်အခဲများစွာကို ရင်ဆိုင်ကျော်လွှားပြီး အနာဂတ်နိုင်ငံတော်နှင့် ပြည်သူများ၏



ဒေသခံတိုင်းရင်းသားများ ပြည်ထောင်စုတစ်ဝန်းသို့ ဆက်သွယ်ပြောဆိုနိုင်စေရန် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ မိုက္ကရိုဝေ့ဗ်ဆက်သွယ်ရေးစခန်းကလည်း ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နေလျက်ရှိသည်။

ရေရှည်အကျိုးစီးပွားကို ရည်မျှော်၍ မယိမ်းမယိုင် ခိုင်ခိုင်မတ်မတ် တစိုက်မတ်မတ် ဆက်လက်အကောင်အထည်ဖော်လျက် ရှိနေသည်။

နိုင်ငံတော်အစိုးရသည် တည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ တစ်နိုင်ငံလုံး လွှမ်းခြုံကာ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြည်နယ်/တိုင်း တစ်ခုနှင့်တစ်ခု အကြားအလပ်မရှိတော့ဘဲ အထူးစီမံကိန်းဝင်လမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများ၊ ရထားလမ်းများ၊ မြစ်ကူးတံတားကြီးများ၊ ရေအားလျှပ်စစ်စက်ရုံများ၊ မဟာဓာတ်အားလိုင်းများ၊ ခေတ်မီတက္ကသိုလ်ကြီးများ ထင်ထင်ရှားရှားဖြစ်ထွန်း ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။

**ဟန်ချက်ညီ**

အထူးဖွံ့ဖြိုးရေးဒေသကြီးများ စီမံကိန်းနှင့်ယှဉ်တွဲ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သော ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေး၊ ကျေးလက်ပြည်သူများ၏ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုမြင့်တင်ရေးနှင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့ပြနှင့်ကျေးလက် ဖွံ့ဖြိုးတိုးတက်မှုများ ဒွန်တွဲဖြစ်တည် ဟန်ချက်ညီနေပေတော့သည်။ ထိုနည်းတူ ထပ်မံဖြည့်စွက် အကောင်အထည် ဖော်လျက်ရှိသော ကျေးလက်ဒေသမီးလင်းရေးနှင့် ကျေးရွာတိုင်းစာကြည့်တိုက်များ တည်ထောင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးမူဝါဒများသည်လည်း လက်တွေ့အကောင်အထည်ပေါ်နေပြီဖြစ်ရာ ယင်းတို့နှင့်အပြန်အလှန်ယှဉ်တွဲလျက် ဆက်သွယ်ရေး ကဏ္ဍသည်လည်း ရှာတိုင်းမလွဲ ဖြစ်ထွန်းအောင်ပွဲဆင်ပေတော့မည်။

ပြည်နယ်နှင့်တိုင်းများသို့ ဆက်သွယ်ပြောဆိုမှု လွယ်ကူစေရေးအတွက် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်တွင် တည်ဆောက်ပေးထားသည့် အော်တိုအိတ်ချိန်းရုံးကို ဤသို့တွေ့ရသည်။



ဤသို့ဤနှယ်သော အသစ်အသစ် ဖြစ်ထွန်းတိုးတက်မှုများဖြင့် ဖွံ့ဖြိုးဝေဆာလာသော ပြည်ထောင်စုတစ်ဝန်းလုံးသို့ ချိတ်ဆက်ကွန်ရက်ဖွဲ့ထားသော ဆက်သွယ်ရေးကဏ္ဍ၏ ထူးခြားထက်မြက်သော စွမ်းဆောင်ဖြည့်ဆည်းမှုများကို ပြည်ထောင်စုသားများ လက်တွေ့ခံစားနေရပြီ ဖြစ်ပေသည်။ နိုင်ငံတော်၏ အစီအမံဖြင့် ဆယ်စုနှစ် နှစ်စုမျှသောကာလအတွင်း ထိုးထွင်းဖောက်ထွက် ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးနည်းပညာသစ်များကို ရယူအသုံးချကာ နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် တပ်ဆင်ချိတ်ဆက်ကွန်ရက်ဖြန့်ကြက်မှုဖြင့် နိုင်ငံတစ်ဝန်း အကြားအလပ်မရှိ လျင်လျင်မြန်မြန်နှင့် လွယ်လင့်တကူ ဆက်သွယ်ပေါင်းစည်းနိုင်ခြင်း၊ နိုင်ငံတကာဆက်သွယ်ရေး ကွန်ရက်များဖြင့် ချိတ်ဆက်ဆောင်ရွက်လာနိုင်ခြင်းတို့ကြောင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍများ

နိုင်ငံတစ်ဝန်းသို့ ဆက်သွယ်နိုင်သည့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် မိုက္ကရိုဝေ့ဗ်ဆက်သွယ်ရေးစခန်းကို ဤသို့တွေ့ရသည်။





မွန်ပြည်နယ် ကျိုက္ကမီမြို့နယ်ရှိ မိုက္ကရိုဝေ့ဗ်စခန်းနှင့် CDMA-450 စခန်းတို့ကို ဤသို့ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံပြည်သူများ နိုင်ငံအနှံ့သို့ အချိန်မရွေး ဆက်သွယ်ပြောဆိုနိုင်ကြပေပြီ။

သာမက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီးတို့၏ တိုးတက်ဖြစ်ထွန်းမှုများကို သိသာထင်ရှားစွာ မြင်တွေ့လာရပြီဖြစ်သည်။ တစ်နည်းဆိုရသော် လက်ယှက်ထိုးကွက်ပြည့်ခင်းလျက် အင်အားတောင့်တင်းလှသည့် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်မှုဖြင့် နိုင်ငံတော်သစ်ကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည်ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

27-7 (10).pmd 1 7/27/2010, 2:10 AM

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

### ဗီယက်နမ်မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

*ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသများတွင် ဇူလိုင် ၂၆ရက် နံနက်က မုန်တိုင်းဝင်ရောက် တိုက်ခတ်မှုကြောင့် ဒေသခံ ၁၀ ဦးသေဆုံးခဲ့ကြောင်း၊ နေအိမ် ၁၀၀ကျော်ပျက်စီးခဲ့ပြီး ကောက်ပဲသီးနှံစိုက်ဧကများစွာလည်း ဆုံးရှုံးပျက်စီးခဲ့ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။*

### အမေရိကန်အား ရေနံပြတ်တောက်မည်ဟု ချာဗက်ဇ်ပြောကြား

*အမေရိကန်တို့က မိမိတို့နိုင်ငံအား ခြိမ်းခြောက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့လျှင် ရေနံတင်ပို့မှု ဖြတ်တောက်မည်ဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ဇူလိုင် ၂၆ရက်၌ သတိပေးပြောကြားလိုက်သည်။*

### ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

*ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများကျဆင်းလျက်ရှိရာ တရုတ်နိုင်ငံ ဟောင်ကောင်ဈေးကွက်၌ ဇူလိုင် ၂၆ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၈၁ ဒသမ ၂၉ ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

### တရုတ်နိုင်ငံ ချန်ဒူလေဆိပ်၌ ခရီးသည်များသောင်တင်နေ

*တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် ဇူလိုင် ၂၆ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများ တိုက်ခတ်နေသဖြင့် လေယာဉ်ခရီးစဉ်များ ရွှေ့ဆိုင်းထားရာ ချန်ဒူလေဆိပ်၌ ခရီးသည် ၈၀၀၀ခန့် သောင်တင်လျက်ရှိကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။* **(အောက်ပုံ)**



### ရုရှားဓာတ်အားပေးစက်ရုံ တိုက်ခိုက်ခံရခြင်းဟုဆို

*ရုရှားနိုင်ငံမြောက်ပိုင်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မကြာမီက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ စုံစမ်းစစ်ဆေးမှုများအရ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ရုရှားလုံခြုံရေးအရာရှိများက ဇူလိုင် ၂၆ရက်၌ ပြောကြားသည်။*

### မလေးရှား၌ ခရီးသွားစက်လှေတိမ်းမှောက်

*မလေးရှားနိုင်ငံ တီရန်ဂါနူကျွန်း ကမ်းလွန်တွင် တရုတ်ခရီးသွားဧည့်သည်များ စီးလာသော စက်လှေတစ်စင်းနှင့် အခြားစက်လှေတို့ ဇူလိုင် ၂၆ရက်က မတော်တဆ တိုက်မှုဖြစ်ပွားပြီး တိမ်းမှောက်ခဲ့ရာ ခရီးသွားဧည့်သည်များ ဒဏ်ရာရရှိခဲ့သော်လည်း ကယ်ဆယ်နိုင်ခဲ့ကြောင်း မလေးရှားရဲတပ်ဖွဲ့ကပြောကြားသည်။*

### ပြင်သစ်တောင်ပိုင်း၌ တောမီးလောင်ကျွမ်း

*ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ဇူလိုင် ၂၆ရက် နံနက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ သစ်တော ဟက်တာ ၉၀၀ခန့် မီးလောင်ကျွမ်းခံရကြောင်း၊ အနီးဝန်းကျင်မှ ဒေသခံများအား ရွှေ့ပြောင်းပေးခဲ့ရကြောင်း ပြင်သစ်မီးသတ်တပ်ဖွဲ့က ဇူလိုင် ၂၆ရက်၌ ပြောကြားသည်။*

### ဆီးရီးယားသမ္မတအာဆတ် ဘီလာရုပ်စ်သို့ခရီးထွက်

*ဆီးရီးယားသမ္မတ အာဆတ်သည် နှစ်ရက်ကြာ အလည်အပတ်ခရီးအဖြစ် ဘီလာရုပ်စ်နိုင်ငံသို့ ဩဂုတ် ၂၆ရက်က ခရီးထွက်ခွာသွားကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။*

### အီဂျစ်က ဂါဇာသို့ ရိက္ခာအကူအညီပေးမည်

*အီဂျစ်နိုင်ငံက လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ထရပ်ကားခြောက်စီးဖြင့် ဆန်တန်ချိန် ၉၃တန်အား ပေးရန်ဆန္ဒရှိကြောင်း၊ အီဂျစ်နှင့် အစ္စရေးနယ်စပ်ကို ဖြတ်သန်းခွင့်ပြုရန် အစ္စရေးတို့အား တောင်းဆိုထားကြောင်း ဇူလိုင် ၂၆ရက်၌ ပြောကြားသည်။ ။* *(အင်တာနက်)*

# တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ မုံရွာ၌ကျင်းပ

## တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တံခွန်စိုက်ဒိုင်းဆုချီးမြှင့်



**နေပြည်တော် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇူလိုင် ၂၀ရက်က မုံရွာမြို့ရှိ တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ကျင်းပသော တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

**ပေးအပ်ချီးမြှင့်**

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးက ပထမဆုရရှိသောအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ဝဲပုံ) (သတင်းစဉ်)

# မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း စီမံခန့်ခွဲရေး ကျွမ်းကျင်မှုသင်တန်းဆင်း

## ဝန်ကြီးဦးခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၂၆**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဇူလိုင် ၂၄ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း စီမံခန့်ခွဲရေးကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးက သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဝန်ကြီးက သင်တန်းထူးချွန်ဆုများကိုချီးမြှင့်ရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ အမှုထမ်း ၃၆ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### မြေယာရှင်း ပြုပြင်

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းဆုံတြိဂံတွင် မြို့သန့်ရှင်းသာယာ စိမ်းလန်းစိုပြည်ရေးအတွက် မြေယာရှင်းပြုပြင်ဆောင်ရွက်နေမှုကို ဇူလိုင် ၁၆ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းအနီးကပ် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



# စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ညောင်တုန်း၌ကျင်းပ

**ညောင်တုန်း ဇူလိုင် ၂၆**

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ဦးစီးကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ညောင်တုန်းမြို့ အထက(၁)ကျောင်းဝင်းအတွင်း၌ ဇူလိုင် ၂ရက် နံနက် ၇ နာရီက ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်ဥက္ကဋ္ဌဦးဌေးဝင်း၊ အတွင်းရေးမှူး ဦးကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးနှင့် သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းဌေးနှင့် ပညာရေးဌာနဝန်ထမ်းများ၊ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်စံဝင်းဖြူနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ရပ်ကွက် ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၁၂ဦးတို့က ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ စုစုပေါင်း ၁၀၂၄ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။

(အောက်ပုံ) (၁၅၂)



# စာကြည့်တိုက်အဆောက်အအုံသစ်

## တွံတေးမြို့နယ် ခရမ်းဝကျေးရွာ၌ဖွင့်

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ခရမ်းဝကျေးရွာအုပ်စု ခရမ်းဝကျေးရွာတွင် ပညာပန်းခင်းကျေးလက်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ အခမ်းအနား ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က သတ်မှတ် စံ(၅)ရပ်နှင့်ညီပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြောကြားကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ ရသ စာအုပ်စာစောင် ၁၅၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ခြောက်လစာအတွက် သတင်းစာစောင်ရေ ၁၈၀၊ ကျေးရွာ ရပ်မိရပ်ဖ ဦးလှဌေးက စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ စာကြည့်တိုက်မှာ အုတ်ကာ၊ သွပ်မိုး၊ ကွန်ကရစ်ခင်းဖြစ်ပြီး အလျား ၁၅ပေ၊ အနံ ၂၄ပေ အကျယ်အဝန်း ရှိကာ တန်ဖိုးငွေကျပ် ၂၅သိန်း အကုန်အကျခံ ဆောက်လုပ်ထားခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)



သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

## ကိုရင်သီယန်နည်းပြ မီနီဇက်စ် ဘရာဇီးအသင်း နည်းပြဖြစ်လာ

ထင်ကျော်ထက် - စုစည်းသည်



လန်ဒန် ဇူလိုင် ၂၆

အသက် ၄၈နှစ်အရွယ်ရှိ ကိုရင်သီယန်အသင်းနည်းပြ မာနိုမီနီဇက်စ်သည် ဘရာဇီးဘောလုံးအဖွဲ့ချုပ် (စီဘီအက်ဖ်)၏ ဘရာဇီးလက်ရွေးစင်အသင်းနည်းပြအဖြစ် ဆောင်ရွက်ရန် ကမ်းလှမ်းမှုကို လက်ခံလိုက်ပြီ ဖြစ်သည်။

**ကမ်းလှမ်းခဲ့**

ဘရာဇီးဘောလုံးအဖွဲ့ချုပ်သည် ယင်းတို့၏ ပထမဦးဆုံး ရွေးချယ်မှုအဖြစ် ဖလူမင်းနီးစ်နည်းပြ မူရီစီရာမယ်လ်ဟိုအား ဘရာဇီးလက်ရွေးစင်အသင်းနည်းပြအဖြစ် ဆောင်ရွက်ရန်ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း ဖလူမင်းနီးစ်အသင်းနှင့် ၂၀၁၂ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသည့် ရာမယ်လ်ဟိုက ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီးနောက် စီဘီအက်ဖ်က မီနီဇက်စ်အား ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ယခုလစောစောပိုင်းက ဘရာဇီးလက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှပင် ထွက်ခဲ့ရသဖြင့် နည်းပြဒွန်ဂါ နုတ်ထွက်သွားခဲ့သည်။ ထိုအချိန်မှစတင်ကာ ၂၀၁၄ခုနှစ်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဘရာဇီးနိုင်ငံသည် နည်းပြသစ်တစ်ဦးကို ရှာဖွေနေခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

## ဒူးအရွတ်ဒဏ်ရာရရှိထားသူ ဖာဒီနန် သီတင်းခြောက်ပတ်ခန့် အနားယူရဖွယ်



**လန်ဒန် ဇူလိုင် ၂၆**

အသက် ၃၁နှစ်အရွယ်ရှိ အင်္ဂလန်လက်ရွေးစင် အသင်းခေါင်းဆောင်နှင့် မန်ယူခံစစ်မှူး ရီရိုဖာဒီနန်သည် ရရှိထားသော ဒူးအရွတ်ဒဏ်ရာကြောင့် လာမည့်စက်တင်ဘာလဆန်းပိုင်းတိုင်အောင် သီတင်းခြောက်ပတ်ခန့် အနားယူရဖွယ်ရှိကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဖာဒီနန်သည် ပြီးခဲ့သည့် ဇွန် ၄ရက်က အင်္ဂလန်လက်ရွေးစင်အသင်းနှင့်အတူ ကွင်းဆင်းလေ့ကျင့်စဉ် ယင်းဒဏ်ရာရရှိခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ချေ။

**မသေချာ**

ယင်းဒဏ်ရာကြောင့် ဖာဒီနန်သည် ၂၀၁၂ခုနှစ် ဥရောပဖလား ခြေစစ်ပွဲစဉ်များအဖြစ် လာမည့်စက်တင်ဘာလအတွင်း အင်္ဂလန်လက်ရွေးစင်အသင်းနှင့် ဘူလ်ဂေးရီးယား၊ ဆွစ်ဇာလန်တို့နှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များတွင် ပါဝင်ကစားနိုင်ရေးမှာ မသေချာချေ။

**(အင်တာနက်)**

## ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ ရာသီအစပွဲစဉ်နှင့် လွဲချော်ဖွယ်

လန်ဒန် ဇူလိုင် ၂၆



**အသက် ၃၂နှစ်အရွယ်ရှိ ချယ်လ်ဆီးတိုက်စစ်မှူး ဒီဒီယာဒရော့ဘာသည် ပေါင်ခြံဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီး ပရီမီယာလိဂ်ရာသီအစပွဲစဉ်နှင့် လွဲချော်ဖွယ်ရှိသည်။**

ဒရော့ဘာသည် သီတင်းသုံးပတ်ခန့် အနားယူပြီးနောက် အသင်းနှင့်အတူ ပြန်လည်လေ့ကျင့်နိုင်ဖွယ်ရှိသည်။ ၎င်းသည် လာမည့်ဩဂုတ် ၈ရက်၌ မန်ယူနှင့် ယှဉ်ပြိုင်ကစားရမည့် ချာရတီဒိုင်းလုပွဲ၊ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်များနှင့် လွဲချော်ဖွယ်ရှိသည်။

(အင်တာနက်)

## လာဇီယိုခံစစ်မှူး ကိုလာရော့ဗ် မန်စီးတီးနှင့် စာချုပ်ချုပ်ဆို



**လန်ဒန် ဇူလိုင် ၂၆**

မန်စီးတီးအသင်းသည် စီးရီးအေအသင်းလာဇီယိုမှ အသက် ၂၄နှစ်အရွယ်ရှိ ဘယ်နောက်ခံလူ အလက်ဇန္ဒြားကိုလာရော့ဗ်အား ပေါင်၁၆သန်းဖြင့် စာချုပ်ခေါ်ယူလိုက်ပြီ ဖြစ်သည်။

ဝိန်းဘရစ်ချ်၏ နေရာတွင် အစားထိုးမည့် ဆားဘီးယားလက်ရွေးစင်ကစားသမားကိုလာရော့ဗ်သည် ဇူလိုင်၂၄ရက်က ပရီမီယာလိဂ်တွင် ကစားခွင့်ပါမစ်ရရှိခဲ့ပြီး ဆေးစစ်ဆေးမှုကိုလည်း ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# ဖာဂူဆန်လွန်လျှင်....

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဇူလိုင် ၂၆

**ပရီမီယာလိဂ်၌ နည်းပြသက်တမ်းအရင့်ဆုံး စာရင်းဝင်နေသည့် မန်ယူနည်းပြကြီး ဖာဂူဆန်သည် လာမည့်ဒီဇင်ဘာ ၃၁ရက်၌ အသက် (၆၉)နှစ် ပြည့်တော့မည်ဖြစ်သည်။ အသက်အရွယ်ရလာပြီဖြစ်သော ဖာဂူဆန်၏နေရာတွင် အစားထိုးတာဝန်ယူရန် မန်ယူကလပ်မှ တာဝန်ရှိသူများ စဉ်းစားနေကြရပြီဖြစ်သည်။**



**မန်ယူနည်းပြအတွက် အဖြစ်နိုင်ဆုံး နေရာတွင် ရှိနေသည့် မော်ရင်ဟို။**

(အင်တာနက်ဓာတ်ပုံ)

**အခက်အခဲ**

ဖာဂူဆန်ကဲ့သို့ တစ်သင်းတည်းတွင် ခွဲမြဲစွာ နည်းပြတာဝန်လုပ်ကိုင်တတ်သူ၊ အသင်းအုပ်ချုပ်သူများ၊ အသင်းပိုင်ရှင်များနှင့်လည်း ဆက်ဆံရေးအဆင်ပြေပြေ ချောမွေ့သူ၊ မန်ယူကစားသမားများ၏ လေးစားမှုကို ခံရသူ၊ နည်းပြအရည်အချင်းပြည့်ဝပြီး ကစားသမားတစ်ဦးချင်းကို စနစ်တကျ လေ့ကျင့်ပေးနိုင်သူ၊ မန်ယူအသင်းကို အောင်မြင်မှုများ မွေ့ပိုက်ကာ လျှမ်းလျှမ်းတောက်ကျော်ကြားအောင် စွမ်းဆောင်ပေးနိုင်သော ထက်မြက်သည့် အရည်အချင်းများနှင့် ပြည့်စုံသူမျိုးကို မန်ယူကလပ်အုပ်ချုပ်သူများ မည်သို့ ရှာဖွေနိုင်မည်ဆိုသည်မှာ ကြီးမားသည့် အခက်အခဲပင် ဖြစ်နေသည်။

**ဆွေးနွေး**

မန်ယူနှင့်ဖာဂူဆန်ကား ခွဲခြား၍ မရအောင် တစ်သားတည်း ဖြစ်နေသည်။ ဖာဂူဆန်၏ ဩဇာကား မန်ယူအသင်းအပေါ် လွှမ်းမိုးနိုင်မှုရှိသည်မှာ အမှန်ပင်။ မန်ယူကို ဖာဂူဆန်ကဲ့သို့ အောင်မြင်မှုများဖြင့် ထွေးပတ်ရစ်နှောင်ထားနိုင်အောင် မည်သည့်နည်းပြများဖြင့် အစားထိုးနိုင်မည်ဟူသော ဆွေးနွေးမှုများ မန်ယူအုပ်ချုပ်မှုအဖွဲ့က အကြိမ်ကြိမ် ပြုလုပ်ခဲ့လေသည်။

**စာရင်းပြုစု**

ကမ္ဘာ့ထိပ်တန်း ကလပ်အသင်းကြီးများကို နည်းပြတာဝန်ယူနေကြသည့်သူများစာရင်းတွင် ဖာဂူဆန်ကဲ့သို့ ပုဂ္ဂိုလ်မျိုးကား များများမရှိချေ။ စိတ်ဓာတ်၊ ဖွဲ့လုံ့လ၊ ဆုံးဖြတ်ချက်နှင့် စွမ်းဆောင်မှုများက ကွာခြားလေသည်။ ဖာဂူဆန်နှင့်ရာနှုန်းပြည့် မတူညီသော်လည်း လက်ခံနိုင်ဖွယ် အချက်များရှိသည့် နည်းပြများကို စာရင်းပြုစုထားပြီ ဖြစ်သည်။ မန်ယူအုပ်ချုပ်သူအဖွဲ့က ဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ပြီး အချိန်ယူကာ လေ့လာမှုများလည်း လုပ်ဆောင်ခဲ့ကြသည်။ ထိုသို့စာရင်းပြုစုထားသည့်သူများအနက် အဖြစ်နိုင်ဆုံးနည်းပြနှစ်ဦး ပေါ်ထွက်လာသည်။

**မော်ရင်ဟို**

မော်ရင်ဟိုအား ဖာဂူဆန်၏နေရာတွင် နည်းပြအဖြစ် အစားထိုးတာဝန်ပေးရန် အသင့်တော်ဆုံးဟု ယူဆထားသည်။ အသက်အရွယ်၊ အတွေ့အကြုံ၊ အရည်အချင်း၊ စွမ်းဆောင်မှုနှင့် ကစားသမားကို ကိုင်တွယ်တတ်မှုအပိုင်း၌ တူညီသည်။ ကစားသမားအပေါ် လွှမ်းမိုးနိုင်သူဖြစ်ပြီး အသင်းအောင်မြင်မှုရရန် ထူးထူးခြားခြား စွမ်းဆောင်နိုင်သူဖြစ်သည်။ ပေါ်တို၊ ချယ်လ်ဆီးနှင့် အင်တာမီလန်တို့ကို ဆုဖလားများစွာ ဆွတ်ခူးပေးနိုင်သည်။ အသင်းလိုက် စုစည်းမှု၊ ကစားသမားတစ်ဦးချင်း အရည်အသွေးကို တောက်ပလာအောင် သင်ပြပေးနိုင်မှု၊ ကစားသမားများကို နေရာလိုက် အသုံးတည့်စွာ ထည့်သွင်းကစားနိုင်မှုအပိုင်းတို့တွင် ထူးချွန်သည်။ ဖာဂူဆန်နှင့်တူညီသော အချက်များပင် ဖြစ်သည်။ မော်ရင်ဟိုနှင့် ဖာဂူဆန်၏မတူညီသောအချက် သို့မဟုတ် အားနည်းသည့်အချက်ကား အသင်းအုပ်ချုပ်သူများ



**ဂွါဒီရိုလာသည်လည်း မန်ယူနည်းပြ တာဝန်ပေးရန် စာရင်းဝင်လျက်...။**

(အင်တာနက်ဓာတ်ပုံ)

နှင့် အဆင်ပြေသောဆက်ဆံရေးကို ရေရှည်မထိန်းသိမ်းနိုင်ခြင်းဖြစ်သည်။ တစ်ဖန် မော်ရင်ဟိုကား မီဒီယာများနှင့် ဆုံတိုင်းပွဲဆူအောင် လုပ်တတ်လေ့ရှိပြီး တစ်သင်းတည်း၌ ကာလရှည် တာဝန်မယူတတ်သူဖြစ်သည်။ သို့သော် ယင်းအချက်များကား အသင်းအောင်မြင်မှုရရှိရေး မထိခိုက်နိုင်သဖြင့် ဖာဂူဆန်နေရာတွင် မော်ရင်ဟိုကို မန်ယူအုပ်ချုပ်ရေးအဖွဲ့က မျက်စိကျနေခြင်းဖြစ်သည်။

**ဂွါဒီရိုလာ**

နည်းပြ ဂွါဒီရိုလာသည် ဘာစီလိုနာအသင်းကို အချိန်တိုအတွင်း အောင်မြင်မှုများရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် နည်းပြဖြစ်သည်။ အသက် ၄၀ခန့်သာရှိသည်ဖြစ်ရာ အသက်အရွယ်ပိုင်းအရ မန်ယူအုပ်ချုပ်ရေးအဖွဲ့က လက်ခံထားသည်။ နည်းပြသက်တမ်း နုသေးသော်လည်း ပါရမီရှိသည့် နည်းပြတစ်ဦးဖြစ်ပြီး ထူးခြားမှုမှာ ပွဲထွက်ကစားသမားခင်းကျင်းမှု မှန်ကန်ခြင်းဖြစ်သည်။ ပွဲရလဒ်ကို အကောင်းဆုံး ထွက်ပေါ်ရန် စီမံနိုင်သည်။ နည်းဗျူဟာကျင့်သုံးမှု မှန်ကန်ပြီး ဆုံးဖြတ်ချက်ကို တည်ငြိမ်မှန်ကန်စွာ ချမှတ်နိုင်သည်။ ယင်းအချက်များမှာ ဖာဂူဆန်နှင့် တူညီသည်။ ဂွါဒီရိုလာမှာ ပွဲချိန်အတွင်း အစားထိုးကစားစေမှု အပိုင်း၌ မှန်ကန်စွာ ဆောင်ရွက်နိုင်သူဖြစ်ရာ ဖာဂူဆန်နေရာအတွက် ဒုတိယမြောက် စဉ်းစားနိုင်သည့် နည်းပြတစ်ဦးဖြစ်သည်။

ဖာဂူဆန်နေရာအတွက် ဒေးဗစ်မိုယေးစ်နှင့် မာတင်အိုနေးလ်တို့လည်း ထည့်သွင်းစဉ်းစားစရာ နည်းပြများစာရင်းတွင် ပါဝင်နေသည်။ မန်ယူတွင် နှစ်ပေါင်းများစွာ နည်းပြတာဝန်ယူလာသော ဖာဂူဆန်ကား အသက် ၇၀ နီးပါးလည်းရှိနေပြီ ဖြစ်သည်။ ဖာဂူဆန်လွန်သော် မည်သူနည်းပြတာဝန်ယူမည်မှာ စိတ်ဝင်စားစရာပင် ဖြစ်ပါကြောင်း။ ။ **ကိုးကား - အင်တာနက်**

## ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

### ၂၀၁၁ ပြေးခုန်ပစ်များ၌ အီဆင်ဘာယီဗာ ယှဉ်ပြိုင်မည်

*ပြီးခဲ့သည့် ဇွန်လကကျင်းပခဲ့သော ကမ္ဘာ့အင်ဒိုးချန်ပီယံရှစ်ပြေးခုန်ပစ် ပြိုင်ပွဲတွင် ဆေးစစ်ဆေးမှုမအောင်မြင်ခဲ့သောကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရသူ အသက် ၂၈နှစ် အရွယ်ရှိ အိုလံပစ်တုတ်ထောက်ခုန် နှစ်ထပ်ကွမ်းချန်ပီယံ ယီလီနာအီဆင်ဘာယီဗာက ၎င်းအနေဖြင့် ၂၀၁၁ခုနှစ် ဆောင်းရာသီပြိုင်ပွဲများတွင် ပြန်လည်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။*

### ပြိုင်ပွဲများ၌ အကောင်းဆုံးပုံစံပြန်ရမည်ဟု ဆန်ဒါယုံကြည်

*ဒဏ်ရာကြောင့် ရာသီတစ်ရာသီခန့် ပြေးခုန်ပစ်ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရပြီး ဥရောပ ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့်လည်း လွဲချော်ခဲ့ရသူ ဗြိတိသျှ မီတာ ၄၀၀ ပြေးခုန်ပစ်မယ် နီကိုလာဆန်ဒါက လာမည့်ပြိုင်ပွဲများ၌ အကောင်းဆုံးပုံစံဖြင့် ယှဉ်ပြိုင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။*

### ဟွန်ဒါအား အေစီက စာချုပ်ရေးနီးစပ်

***ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျပန် လက်ရွေးစင် အသင်းနှင့်အတူ ခြေစွမ်းပြကစားခဲ့သူ ကီဆူ ကီဟွန်ဒါအား အေစီမီလန်က ပေါင် ၁၂ဒသမ၅သန်းဖြင့် စာချုပ်ချုပ်ဆိုရေး နီးစပ်လာပြီဖြစ်ကြောင်း သိရသည်။***

### ဗြိတိသျှ ဘင်တန်ဝိတ်သရဖူ ဟောလ် ကာကွယ်

*ဗြိတိသျှလက်ဝှေ့သမား စတူးဝပ်ဟောလ်သည် ပြီးခဲ့သည့် ဇွန် ၂၃ရက်က ဆန်းဒါးလန်းမြို့တွင် ပြိုင်ဘက်လက်ဝှေ့သမား မာတင်ပါဝါအား ၁၀ချီတွင် အနိုင်ထိုးသတ်ကာ ၎င်း၏ဗြိတိသျှဘင်တန်ဝိတ်သရဖူကို ပထမဆုံးအကြိမ် အောင်မြင်စွာ ကာကွယ်နိုင်ခဲ့သည်။*

### အသက်အကြီးဆုံးပြေးခုန်ပစ်မယ် အော့တေ မှတ်တမ်းဝင်မည်

*လာမည့်ဇူလိုင် ၃၁ရက်တွင် စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ကျင်းပမည့် ဥရောပ ချန်ပီယံရှစ်ပြိုင်ပွဲတွင် အသက် ၅၀အရွယ်ရှိ ကမ္ဘာ့ချန်ပီယံသုံးဆုရှင် မာလီနီအော့တေသည် ဆလိုဗေးနီးယားအမျိုးသမီး မီတာ ၁၀၀လက်ဆင့်ကမ်း ပြေးပြိုင်ပွဲဝင်အသင်းနှင့်အတူ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ကမ္ဘာ့အသက်အကြီးဆုံးပြေးခုန်ပစ်မယ်အဖြစ် မှတ်တမ်းဝင်မည် ဖြစ်သည်။ ၂၀၁၂ခုနှစ်တွင် ဆလိုဗေးနီးယားနိုင်ငံသူအဖြစ်ခံယူခဲ့သူ ဂျမေကာနိုင်ငံဖွား အော့တေသည် ပြိုင်ပွဲကြီးခုနစ်ပွဲ ယှဉ်ပြိုင်ရာတွင် ဂျမေကာနိုင်ငံအတွက် ဆုတံဆိပ်ကိုးဆု ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။*

### ဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်၌ အိုလီဗာ ရွှေဆွတ်ခူး

***မိုနာကို၌ကျင်းပသော ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၁၀ တန်းကျော်ပြေးပွဲတွင် အမေရိကန်တန်းကျော်ပြေးခုန်ပစ် အားကစားသမား ဒေးဗစ်အိုလီဗာသည် ၁၃ဒသမ ၀၁စက္ကန့်ဖြင့် ပန်းဝင်ကာ ရွှေတံဆိပ်ဆွတ်ခူးခဲ့ကြောင်း၊ သို့သော်လည်း ဒေရွန်ရော့ဘ်လက်စ်၏ ကမ္ဘာ့စံချိန်ဖြစ်သည့် ၁၂ဒသမ ၈၇စက္ကန့်ကိုမူ မချိုးနိုင်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***

### ရီးရဲမက်ဒရစ်သို့ ဒီဒီယာ ပြောင်းရွှေ့ကစားလို

*ဂျာမနီဘွန်ဒက်စ်လီဂါအသင်း စတုဂတ် ကွင်းလယ်ကစားသမား ဆာမီခီဒီယာက ၎င်းအနေဖြင့် ရီးရဲမက်ဒရစ်အသင်းသို့သာ ပြောင်းရွှေ့ကစားလိုကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ ၎င်းအား မန်ယူနှင့်ချယ်လ်ဆီးတို့က ခေါ်ယူရန် လေ့လာစုံစမ်းလျက်ရှိသည်။*

### ကနေဒါ ပြေးခုန်ပစ်၌ ရွှေနှစ်ခုရယူရန် ဝီလျံရည်မှန်း

***ကနေဒါနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဂျူနီယာချန်ပီယံရှစ်ပြေးခုန်ပစ် မီတာ ၂၀၀အပြေးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ဗြိတိသျှတာတိုပြေးခုန်ပစ်မယ် ဂျိုဒီဝီလျံသည် ထိပ်ဆုံးမှပန်းဝင်ကာ ၎င်း၏ ၁၅၁ပွဲ ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့သည်။ ဝီလျံသည် မီတာ ၁၀၀ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးထားပြီဖြစ်ပြီး ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးရန် ရည်မှန်းထားသည်။ ။*** *(အင်တာနက်)*

SANBE

**WALK IN INTERVIEW**
(For Local Service Only)

**PT. Sanbe Farma;** is one of the largest Pharmaceutical Company from Indonesia and wishes to appoint a Supervisor for its day to day Operations in Myanmar: **Male or Female (1) post**

**The Ideal Candidate should be:**

- must be a Myanmar National
- should be graduate
- should have minimum 4 years experience in handling OTC Pharmaceuticals products
- should be able work under pressure
- should be able to read & write in English
- should have out of box thinking Ideas
- A copy of Labor Registration Card

**Interview date & timing:** 29th July 2010 from 9.30am to 1.00 pm

**Interview Location:** Diamond Star Co., Ltd., No.299 (A) – Mya Mar Lar street, Takayta Industrial Zone, Yangon, Myanmar.
Phone - (951) 09 - 86 41163 / 86 41164 / 09518 6053
**Contact Person :-** Ko Myo Thu

# လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဗိုလ်မှူးကျော်စိန်(ငြိမ်း) ဒုတိယညွှန်ကြားရေးမှူး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန-ဒေါက်တာဒေါ်ဝေမာအောင် (လက်ထောက်ဌာနမှူး-ငြိမ်း၊ ကျန်းမာရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)တို့၏သားငယ်

**မောင်အောင်ဝေဠုကျော် B.Tech (Mechatronic)**

နှင့်

ရန်ကုန်မြို့နေ ဦးထင်ကျော် (BOSUN. Rays Shipping Enterprise Ltd.)-ဒေါ်လှဌေးဆွေ (အလယ်တန်းပြ) တို့၏သမီးငယ်

**မသီရိထင်ကျော် B.Sc (Zoology)**

တို့သည်

နှစ်ဖက်သောမိဘများ၏ ခွင့်ပြုချက်အရ ရန်ကုန်အနောက်ပိုင်းခရိုင် တရားသူကြီးဦးအောင်ကြည်၏ ရှေ့မှောက်၌ ၂၅-၇-၂၀၁၀ရက်(တနင်္ဂနွေနေ့)တွင် လက်ထပ်ပြီးစီးပြီးဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်အောင်ဝေဠုကျော်-မသီရိထင်ကျော်။**

## မိုးရွာသွန်းလေသမျှ

၂၆-၇-၂၀၁၀

**နေပြည်တော်လယ်ဝေး**
၀ဒသမ ၆၃လက်မ
**မောင်တောမြို့**
၄ဒသမ ၅၃လက်မ
**ဖျာပုံမြို့**
၃ဒသမ ၉၇လက်မ
**ကော့သောင်းမြို့**
၃ဒသမ ၀၇လက်မ
**ပူတာအိုမြို့**
၂ဒသမ ၈၃လက်မ
**မချမ်းဘောမြို့**
၂ဒသမ ၅၆လက်မ

# အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀) အပူဒဏ်ပျောက်ပျက်စေသည့် သုတ်ဆေးပြခန်း ပါဝင်ပြသ

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ (၂၀၁၀)ကို ဇူလိုင် ၂၄ရက်မှ ၂၇ရက်အထိ ပြသလျက်ရှိရာ ခေတ်သစ်နည်းပညာဖြင့် အပူဒဏ်ကိုဖျောက်ဖျက်စေသည့် ဂျပန်နိုင်ငံ ARBAR Co. က ထုတ်လုပ်သည့် Heat Exchange Paint သုတ်ဆေးပြခန်း ပါဝင်ပြသလျက်ရှိသည်။ **(အောက်ပုံ)**

Heat Exchange Paint သည် အိမ်သုတ်ဆေးများတွင် နောက်ဆုံးပေါ် ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်ထားပြီး ဆေးသုတ်ရုံဖြင့် အပူကို ဖျောက်ဖျက်စေနိုင်သည့် သုတ်ဆေးဖြစ်သည်။ နေ၏အပူစွမ်းအင်ကို အခြားစွမ်းအင်အဖြစ် ပြောင်းလဲစေခြင်းကြောင့် အပူဒဏ်ဖျောက် အိမ်သုတ်ဆေးဟု အမည်ပေးထားခြင်း ဖြစ်သည်။ Heat Exchange Paint သုတ်ထားခြင်းကြောင့် နွေရာသီတွင် ပြင်းထန်သော နေရောင် အောက်ရှိသွပ်မိုးပြားများကို လက်ဖြင့် ကိုင်နိုင်သော အပူချိန်ထက် မပိုစေနိုင်သော အခြေအနေသို့ ရောက်ရှိစေသည်။

**သုံးစွဲ**

ဂျပန်နိုင်ငံ တိုယိုတာကားကုမ္ပဏီမှ ထုတ်လုပ်သည့်ကားများတွင် Heat Exchange Paint သုတ်ဆေးကို ကားအင်ဂျင်အခန်းနှင့် ကားကိုယ်ထည်အောက်ဘက် မျက်နှာပြင်တို့တွင် လက်ရှိသုံးစွဲလျက်ရှိသည်။ ထို့အပြင် အားကစားကွင်းများ၊ တင်းနစ်ကွင်းများ၊ သိုလှောင်ကန်များ၊ ဟိုတယ်အမိုးများ၊ စက်ရုံခေါင်မိုးများ၊ တာဝါတိုင်များ၊ လုံးချင်းအိမ်ရာများ၊ ထရန်စဖော်မာတို့တွင် သုံးစွဲလျက်ရှိသည်။

**ဆက်သွယ်မှာယူနိုင်**

Heat Exchange Paint သုတ်ဆေးကို ဆက်သွယ်မှာယူလိုပါက Kyi Brothers International Co., Ltd. ဖုန်း - ၆၈၅၁၄၄၊ ၀၉-၈၅၁၅၁၀၁၊ Da Na Myay Co., Ltd. ဖုန်း - ၅၅၂၆၉၉နှင့် ၅၅၈၂၂၁ တို့သို့ ဆက်သွယ်မှာယူရရှိနိုင်သည်။ **(သတင်းစဉ်)**





မူဆယ်မြို့ ပြည်ထောင်စုလမ်းတစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်များ မရှိစေရေးအတွက် ဇူလိုင် ၁၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဝင်းဇော် ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

# မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဇူလိုင် ၂၆**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**ဇူလိုင် ၂၇ရက် ညနေအထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။



**သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦးတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများ ဇူလိုင် ၁၇ရက်က မြန်မာရပ်ကွက် စိန်လမ်းတစ်လျှောက် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသားပြိုင်ပွဲ) ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတက္ကသိုလ်အားကစားရုံ (Open Shed)တွင် ဇူလိုင် ၂၅ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပသော ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် မိတ္ထီလာတက္ကသိုလ်အသင်းက တောင်ကြီးတက္ကသိုလ်အသင်းကိုလည်းကောင်း၊ ရတနာပုံတက္ကသိုလ်အသင်းက မုံရွာတက္ကသိုလ်အသင်းကိုလည်းကောင်း၊ ကျောက်ဆည်တက္ကသိုလ်အသင်းက ကလေးတက္ကသိုလ်အသင်းကိုလည်းကောင်း၊ လားရှိုးတက္ကသိုလ်အသင်းက ရွှေဘိုဒီဂရီကောလိပ်အသင်းကိုလည်းကောင်း အနိုင်ရရှိကြသည်။

**ကျင်းပမည်**

ဆက်လက်၍ မွန်းလွဲ ၂နာရီတွင် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ရတနာပုံတက္ကသိုလ်အသင်းက မိတ္ထီလာတက္ကသိုလ်အသင်းကိုလည်းကောင်း၊ လားရှိုးတက္ကသိုလ်အသင်းက ကျောက်ဆည်တက္ကသိုလ်အသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိကြကြောင်းနှင့် ဇူလိုင် ၂၇ရက် နံနက် ၈နာရီတွင် ရတနာပုံတက္ကသိုလ်အသင်းနှင့် လားရှိုးတက္ကသိုလ်အသင်းတို့၏ ဗိုလ်လုပွဲ၊ ဆုပေးပွဲနှင့်ပိတ်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ။

**(သတင်းစဉ်)**

# ကြွက်ကာကွယ်နှိမ်နင်းရေးနှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်းမြင့်မားလာခြင်း၊ ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များ စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးခဲ့ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည် -

- လူနေအိမ်နှင့်စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၂၆**

လိုင်စင်မဲ့ကားများကို အခွန်စည်းကြပ်ကောက်ခံပြီး တရားဝင်လိုင်စင်ထုတ်ပေးနေပြီ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၃၈)ကို ယနေ့ ဖြန့်ချိလိုက်သည်။

မြန်မာလုပ်သားများ ကိုရီးယားနိုင်ငံသို့ နှစ်နိုင်ငံကြားစာချုပ်ချုပ်ဆိုရန်ညှိနှိုင်း၊ သွေးစစ်သော အရင်းရှင်စနစ်နဲ့ စစ်မှန်တဲ့ပြည်ထောင်စုထူထောင်သွားမည်ဟု ခေတ်သစ်ပြည်သူ့ပါတီမှ အထွေထွေအတွင်းရေးမှူးကပြောဆို၊ ကုမ္ပဏီကြီးတစ်ခုက ဒဂုံအချိုရည်စက်ရုံကို လွှဲပြောင်းလုပ်ကိုင်မည်၊ နိုင်ငံတော်အတွက်လိုအပ်သည့် မြန်နှုန်းမြင့်ရထားလမ်း တည်ဆောက်ရန်လို၊ ထိုက်သင့်တဲ့အမြတ်လည်းယူပါ ဝယ်သူအဆင်ပြေအောင်လည်း လုပ်ဆောင်ပေးပါ၊ အိပ်ဆေးများ ဖျော်ထားသည့်ရေသန့်ကိုတိုက်ပြီး ရွှေထည်ပစ္စည်းများလုယူကာသားမယား ပြုကျင့်ခဲ့သည့် အငှားယာဉ်မောင်းနှစ်ဦးကို ဖမ်းဆီးရမိ၊ ကမ္ဘာ့ရေနံစိမ်းကျဆင်း ဒေါ်လာဈေးမြင့်တက်၊ ရွှေ့ပြောင်းအလုပ်သမား မိသားစု ဘတ်ငွေ ၂၈သန်းတန် ထိုင်းထီဆုကြီးပေါက်၍ နေရပ်သို့ပြန်၊ MT.Duke သင်္ဘောမှ မြန်မာသင်္ဘောသားများ လစာမရရှိဘဲပြန်ခဲ့ရ၊ မြန်မာ့အထည်ချုပ်လုပ်ငန်း ပြည်ပတင်ပို့မှု အကောင်းဆုံးအခြေအနေသို့ရောက်ရှိ၊ ကျွန်းပင်စိုက်ပျိုးပါက စိုက်ပျိုးသူအား အပင်ပိုင်ဆိုင်ခွင့် စာချုပ်ချုပ်ဆိုပေးမည်၊ မြန်မာသင်္ဘောသား ၂၁ဦးပါဝင်သည့် ဓာတုဗေဒနှင့်ရေနံတင်သင်္ဘော ပြန်လွှတ်ပေး၊ ဒေါက်တာအောင်ခင်ဆင့်ရဲ့ လူကြီး လူငယ် ကလေး သွေးလွန်တုပ်ကွေး၊ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂါယာသို့ မန္တလေးမြို့မှ တိုက်ရိုက်သွားနိုင်တော့မည်၊ အမေရိကန်နှင့် တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားက နျူကလီးယား လက်နက်ဖြင့် တိုက်မည်ဟု ခြိမ်းခြောက်၊ အကယ်၍ နျူကလီးယားဖြင့် တိုက်ခိုက်ခံရပါက အမေရိကန်အနေဖြင့် ကာကွယ်နိုင်ခြင်းမရှိသေးကြောင်း ပင်တဂွန်မှ အတည်ပြု၊ တရုတ်နိုင်ငံက တရုတ်(တိုင်ပေ)ဒေသသို့တာဝေးပစ် ဒုံးကျည်အစင်း ၂၀၀၀ချိန်ရွယ်ထားစသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

**(သတင်းစဉ်)**

# ပဲခူးတိုင်းဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်
## မိုးစပါးစိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၆

**ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် ဇူလိုင် ၁၈ရက် နံနက်ပိုင်းက ပြည်မြို့ ဇီးအုပ်ကျေးရွာအုပ်စု၌ ကျင်းပသည့် မိုးစပါးစိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦး၏ မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များမှာကြားပြီး မိုးစပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။**

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ သဲကုန်းမြို့နယ် ဆင်မြီးဆွဲကျေးရွာ မိုးစပါး ထွန်ယက်စိုက်ပျိုးနေမှု အခြေအနေများကိုကြည့်ရှုပြီး ပေါင်းတလည် ဘူတာ၌ တာဝန်ရှိသူတစ်ဦး၏ ရွှေတံခါး-ပေါက်ခေါင်း လမ်းပိုင်း သံလမ်းခင်းခြင်းပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များမှာကြား၍ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းဒုတိယဥက္ကဋ္ဌသည် ပေါက်ခေါင်းမြို့နယ် ဖောဓိကုန်းကျေးရွာအုပ်စု၌ ကျင်းပသည့် မိုးစပါးစုပေါင်း စိုက်ပျိုးပွဲသို့ တက်ရောက်ပြီး မိုးစပါး စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပေါက်ခေါင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေသော လူနာများအား လှည့်လည်ကြည့်ရှုပြီး အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## မီးဘေးကြိုတင် ကာကွယ်

**မိုးညှင်း ဇူလိုင် ၂၅**

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်တားဆီးရေးအတွက် ဇူလိုင် ၃ရက်က မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနမှူး၊ လျှပ်စစ်ဌာန၊ စည်ပင်၊ ဈေးမိဈေးဖတို့က ဈေးရုံတစ်ရုံချင်းအလိုက် လျှပ်စစ်မီးကြိုးများ၊ လုံခြုံရေးမီးများ၊ မီးအချက်ပြ ကိရိယာများ တပ်ဆင်ထားရှိမှု၊ မီးသတ်ဆေးဘူးများ ချိတ်ဆွဲထားရှိမှုနှင့် စက်ချုပ်ဆိုင်များ၊ ပန်းထိမ်ဆိုင်များ မီးသုံးစွဲမှုအခြေအနေတို့ကို ကြပ်မတ်ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**



## သဘာဝဘေးအန္တရာယ်ကင်းရှင်းရေး(နည်းပြ) သင်တန်းပို့ချ

ရန်ကုန် ဇူလိုင် ၂၆

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ပူးပေါင်းပါဝင်မှုဖြင့် တတိယအကြိမ် ဘေးအန္တရာယ် လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကင်းရှင်းရေး (နည်းပြ)သင်တန်းကို ဇူလိုင် ၁၇ရက်နှင့် ၁၈ရက်တို့က ဒဂုံတာဝါ (၁၁)ထပ်ရှိ မင်္ဂလာမြန်မာအစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်း ၂၉ကျောင်းမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။**(အပေါ်ပုံ)

**အကောင်အထည်ဖော်**

မင်္ဂလာမြန်မာသည် ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေးကော်မတီများကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများဖြင့် ပါဝင်ဖွဲ့စည်းပြီး မိမိကျောင်းနှင့် မိမိရပ်ရွာ၏ သဘာဝအန္တရာယ်များကို ဆန်းစစ်တတ်စေရန်နှင့် အန္တရာယ်ပြမြေပုံများ ရေးဆွဲတတ်စေရန်လည်းကောင်း၊ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးစီမံချက်များ၊ ဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များကို ရေးဆွဲထားပြီး မိမိတို့ကိုယ်တိုင် ကိုယ့်အားကိုယ်ကိုး အကောင်အထည်ဖော် ဆောင်ရွက်တတ်စေရန်လည်းကောင်းရည်ရွယ်၍ သင်တန်းများ ပို့ချခြင်းဖြစ်သည်။

မင်္ဂလာမြန်မာသည် ကျောင်းဘေးအန္တရာယ်ကင်းရှင်းရေး(နည်းပြ)သင်တန်းကို ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၃၇ မြို့နယ်မှ ကျောင်းပေါင်း ၁၀၆ကျောင်းခန့်ကို သင်တန်းပို့ချပေးခဲ့ပြီးဖြစ်သည်။ (၁၃၅)

## သန့်ရှင်းရေးပြုလုပ်

**ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ချောင်းဆုံအရှေ့ရပ်ကွက်အတွင်း ရေမြောင်းဆယ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ဇွန် ၃၀ရက်က ဒေသခံပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)





## ဒိုက်ဦးမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**ဒိုက်ဦး ဇူလိုင် ၂၅**

ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဇူလိုင် ၁၈ရက်က စာရေးဆရာ မြန်မာ့အသံ သိန်းဟန်မိသားစုက ထူးချွန်ထင်ရှား လေလှိုင်းအသံရှင်များ စာအုပ်နှင့် အဖိုးတန်အဘိဓာန်စာအုပ်များ၊ ဓမ္မစာအုပ်များပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် အလှူရှင် စာရေးဆရာမြန်မာ့အသံသိန်းဟန်-ဒေါ်ဝင်းယုသွယ် (အထပြ-ငြိမ်း) မိသားစုက ရုံးစာကြည့်တိုက်၊ ဒေါ်ခင်မြင့်မြင့် (လူမှုထူးချွန်) စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်များ၊ ကျေးရွာစာကြည့်တိုက်များ အပါအဝင် စုစုပေါင်းစာကြည့်တိုက် ၃၀ တို့သို့ ငွေကျပ်လေးသိန်းကျော်တန်ဖိုးရှိ စာအုပ် ၂၅၀ကိုလည်းကောင်း၊ စာရေးဆရာ နေတင်မြင့်(ဒိုက်ဦး)က ဓမ္မဗျူဟာစာစောင်အုပ်ရေ ၆၀ကိုလည်းကောင်း၊ စာရေးဆရာ ငြိမ်းဦးခင် (ဒိုက်ဦး)နှင့် စာပေအဖွဲ့ဝင်များက မြန်မာ့အလင်းသတင်းစာများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက လက်ခံယူသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

## မြို့နယ် သတင်းထွေတလာ

## ပညာရည်ချွန် ဆုပေးပွဲ ကျင်းပ

**တနင်္သာရီ ဇူလိုင် ၁၅**

၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို တနင်္သာရီတိုင်း အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ဇူလိုင် ၂ရက်က ကျင်းပရာ **(အောက်ပုံ)** နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးရဲနိုင်မျိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်ငွေသိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးဘိုဘိုမင်းသိုက်တို့က အမှာစကားပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထို့နောက် ဗိုလ်မှူးကြီးရဲနိုင်မျိုးက တနင်္သာရီတိုင်းအဆင့်၌ ဒုတိယအဆင့်ရရှိ၍ မြို့နယ်ပညာရေးမှူး ဒေါ်ငွေသိန်းအားလည်းကောင်း၊ မြို့နယ်အဆင့် ပထမရရှိသော အထက(တနင်္သာရီ) စာစစ်ဌာနမှ ကျောင်းအုပ်ဆရာကြီး ဦးတင်ရှိန်အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်သည်။

**(ခရိုင် ပြန်/ဆက်)**



## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၆**

ချောက် GTI ကျောင်းသားဟောင်းများ၏ (၂၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ၃လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မာ ရတနာဃရဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စုပေါင်းလှူဒါန်းပွဲသို့ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၄၀၄၉၅၊ ဦးခင်စိုး ဖုန်း-၀၉-၅၁၃၆၄၈၁၊ ဦးကြည်ဝင်း ဖုန်း-၀၉-၅၀၈၃၉၃၄နှင့် ဦးနိုင်လင်းအောင် ဖုန်း-၀၉-၅၀၅၀၆၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် ဇူလိုင် ၇ရက်က သံတွဲမြို့ ဒွါရာဝတီဈေး မီးဘေးလုံခြုံရေးအတွက် သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသည့် မီးသတ်ပစ္စည်းများ လုံလောက်မှုရှိ မရှိနှင့် လေ့ကျင့်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



## ကျောက်ဆည်မြို့နယ် တောင်လွဲကျေးရွာ၌ စာကြည့်တိုက်ပန္နက်တင်မင်္ဂလာ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၂၀**

ကျောက်ဆည်မြို့နယ် သင်တောင်းကျေးရွာအုပ်စု တောင်လွဲကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် ကျေးရွာစာကြည့်တိုက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဇူလိုင် ၄ရက် နံနက် ၇နာရီက ကျင်းပရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**ပန္နက်တင်**

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာများတွင် နေရာယူကြပြီး မင်္ဂလာအချိန် နံနက် ၇နာရီ ၁၅မိနစ်တွင် မင်္ဂလာပန္နက်တင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။**(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

## ကမ္ဘာ့အကြီးဆုံးမိကျောင်းကြီး ဖမ်းမိ

ကောင်းမြတ်သူ – ရေးသားသည်

ဆစ်ဒနီ ဇူလိုင် ၂၆

ဩစတြေးလျနိုင်ငံ ဒါဝင်ဆိပ်ကမ်းတွင် ဇူလိုင် ၂၀ရက်က အလွန်ကြီးမားသော ရေငန်မိကျောင်းကြီးတစ်ကောင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းမိကျောင်းကြီးမှာ ယခုနှစ်အတွင်း ဩစတြေးလျနိုင်ငံ၌ တွေ့ရှိခဲ့သည့် မိကျောင်းများအနက် အကြီးဆုံးမိကျောင်းကြီးဖြစ်ကြောင်း ဆိပ်ကမ်းတာဝန်ရှိသူများက ပြောကြားသည်။

ဖမ်းမိ

အဆိုပါမိကျောင်းကြီးသည် အရှည် ၄ဒသမ ၁မီတာရှည်ကြောင်း၊ ကမ္ဘာပေါ်တွင် အကြီးဆုံးမိကျောင်းကြီးဖြစ်ကြောင်း၊ ၎င်းမိကျောင်းကြီးကို ဘလက်ဆာချောင်းငယ်၌ ထောင်ထားသော ထောင်ချောက်အတွင်း



ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း မိကျောင်းထိန်းသိမ်းရေးတာဝန်ရှိသူ ရော်ဘီရစ်က ပြောကြားသည်။

ယခုနှစ်အတွင်း ဩစတြေးလျနိုင်ငံမြောက်ပိုင်း၌ ရေငန်မိကျောင်း ၁၆၁ကောင် ဖမ်းဆီးရမိခဲ့ကြောင်း၊ မိကျောင်းများသည် ထိုဒေသရှိ လူများကို မကြာခဏ အန္တရာယ်ပြုနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်တာနက်

## ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## ချင်းရွှေဟော် ပြန်/ဆက်ရုံး၌ စာအုပ်၊ စာစောင် ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ချင်းရွှေဟော် ဇူလိုင် ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချင်းရွှေဟော်မြို့နယ်ရုံးသို့ အလှူရှင်များက စာအုပ်စာစောင် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၉ရက် နံနက် ၁၁နာရီက ရုံးစာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထိုက်က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထိုက်၊ လောက်ကိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုင်ထွန်းဦး၊ ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လှူဒါန်း

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဗိုလ်မှူးကြီးသန်းထိုက်က သုတ၊ ရသ စာအုပ် ၇၀နှင့် ဂျာနယ် အစောင် ၅၀တို့ကိုလည်းကောင်း၊ ဌာနဆိုင်ရာများမှ မဂ္ဂဇင်း၊ ဂျာနယ်ပေါင်း ၇၀ကျော်တို့ကို လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်ဇင်ဇင်သန့်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး